# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၇) ရက် ၊ ကြာသပတေးနေ့ ၊ (27-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၅၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို တွေ့ဆုံဩဝါဒစကားမြွက်ကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို တွေ့ဆုံ၍ ဩဝါဒစကားမြွက်ကြားစဉ်။

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC- II)၌ တွေ့ဆုံ၍ ဩဝါဒစကားမြွက်ကြားသည်။

အခမ်းအနားသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




# မျိုးဆက်တစ်ခုကို လူ့စွမ်းအားအရင်းအမြစ်အဖြစ် ပျိုးထောင်

နိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို အလိုရှိကြသလို ထိုသို့ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းရှက်ဆောင်ကြမြဲပင်ဖြစ်သည်။ မိမိတို့နိုင်ငံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးကိုလည်း လှုံ့လဥဿာဟပြုလျက်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန် အလေးထားဆောင်ရွက်နေသလို လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပရန်လည်း ပြင်ဆင်လျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ရာတွင် မျိုးဆက်တစ်ခုမှ နောက်ထပ်မျိုးဆက်များအထိ အဆင့်ဆင့်ဆက်ခံကူးပြောင်းဆောင်ရွက်နိုင်ရန် လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ်ကြောင်း တွေ့ရသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရည်မြင့်မားရေးသည် အဓိကအရေးပါကြောင်း တွေ့ရသည်။ အခြေခံပညာ အလယ်တန်းအဆင့် KG+9 ထိ မသင်မနေရ ပညာရေးစနစ်သည် နိုင်ငံတော်အစိုးရ၏ ပညာရေးရည်မှန်းချက်ဖြစ်ပြီး အနည်းဆုံး KG+9 အဆင့် ပြီးမြောက်မှသာ အခြေခံရသွားမည်ဖြစ်ကာ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

စာသင်ကျောင်းများသည် စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့်နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့်နေရာမျိုးဖြစ်ရန် လိုအပ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို မေ ၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားရာတွင် **"မောင်တို့မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြားပြုရပျိုးထောင်ပေးရမည့် လူငယ်များကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများ သိရှိနားလည်အောင် သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်ကြောင်း၊ ထို့ပြင် လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေကိုသာ သင်ကြားပေးရမည်"**ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ပေရာ မျိုးဆက်တစ်ခုကို လူ့စွမ်းအားအရင်းအမြစ်အဖြစ် လေ့ကျင့်ပျိုးထောင်ခြင်းနှင့်အတူ မျိုးဆက်တစ်ခု၏ ကောင်းမွေကို မျိုးဆက်တစ်ခုက ကောင်းစွာခံယူနိုင်သည့် အလေ့အကျင့်ကောင်းပေါ်ပေါက်ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေများပြားလာ



**မန္တလေး မေ ၂၆**

ကုန်ကြမ်းရရှိမှု ပြန်လည်များပြားလာသောကြောင့် ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ပြန်လည်များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ရေဝတီမြစ်အတွင်း မြစ်ရေပြန်လည်မြင့်တက်လာ၍ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောများ သွားလာရာတွင် အဆင်ပြေစွာသွားလာလျက်ရှိကြောင်း၊ ရေလမ်းကြောင်း ကောင်းမွန်လာသည့်အပြင် ကုန်ကြမ်းရရှိမှုလည်း ပြန်လည်များပြားလာမှုကြောင့် ဧပြီလ တတိယပတ်မှစ၍ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောများ ယခင်ကထက် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်ဆိပ်ကမ်းကို တင်ပို့မဲ့ကုန်ကြမ်းဖြစ်တဲ့ ကျောက်စရစ်တွေ တော်တော်လေး များလာတယ်။ ဒီဆိပ်ကမ်းကနေ ကျောက်စရစ်အပြင် ဘိလပ်မြေနဲ့ ကျောက်မီးသွေးတင်ပို့မှုတွေလဲ ရှိပါတယ်။ အခုသင်္ကြန်ပြီးကာလက စပြီးတော့ ရေလမ်းကြောင်းကလဲ ပြန်ကောင်းလာတဲ့အပြင် ကုန်ကြမ်းရရှိမှုက တော်တော်လေး အားကောင်းလာပါတယ်။ အခုတစ်လော ရွှေကြက်ယက် ဆိပ်ကမ်းကနေ ကျောက်စရစ်တင်ပို့မှုက အများဆုံးဖြစ်နေတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ကျောက်စရစ်တင်ပို့ရာတွင် ဧပြီလ ဒုတိယပတ်အတွင်းက တစ်ရက်လျှင် သင်္ဘောအစီးရေ ၂၀ ကျော်သာ တင်ပို့ခဲ့ရကြောင်း၊ ယခုလက်ရှိ ကုန်ကြမ်းရရှိမှု များပြားလာသောကြောင့် ဧပြီလ တတိယပတ်မှစ၍ ကျောက်စရစ် သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ၇၀ ကျော်ထိရှိလာကြောင်း သိရသည်။

ထိုသို့ ရွှေကြက်ယက်ဆိပ်ကမ်းတွင် ကုန်ကြမ်းရရှိမှုများပြားပြီး ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်တင်ပို့သည့် သင်္ဘောအစီးရေ များပြားလာသောကြောင့် ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၂၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း၊ ရွှေကြက်ယက်ဆိပ်ကမ်းတွင် ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၃၀၀ ကျော်ထိ လုပ်ကိုင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း)အရောင်းအဝယ်ကောင်းမွန်လာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ဈေးကောင်းရရှိ

**မန္တလေး မေ ၂၆**

မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းမွန်လာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်(ရှမ်း)များကို ယခုလက်ရှိတွင် တရုတ်နိုင်ငံဘက်မှ ပြန်လည်ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ဧပြီလ ဒုတိယပတ်အတွင်းက ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်အေးနေခဲ့ကြောင်း သိရသည်။

"အခုလက်ရှိမှာ ပဲပုပ်(ရှမ်း)တွေကို ပြည်ပကကော၊ ပြည်တွင်းကပါ ဝယ်ယူမှုအားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းပြန်ရလာပါတယ်။ ပဲပုပ်(ရှမ်း)ကတော့ မန္တလေးဈေးကွက်အတွင်းကော ပြည်တွင်း တခြားမြို့တွေကပါ အဝယ်တော်တော်လေး လိုက်လာတာကြောင့် ဈေးကောင်းရနေပါတယ်။ နောက်ပိုင်းမှာလဲ ပဲပုပ်(ရှမ်း) ဈေးကောင်းရဖို့ ရှိနေတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဧပြီလ ဒုတိယပတ်က ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း မေ ၂၆ ရက် ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိပေါက်ဈေးရှိခဲ့ပြီး ဈေးကောင်းပြန်လည်ရရှိလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတောင်ခြေရှိ အောင်မြေမဟာဇေတဝန်ညောင်ပင်တွင် ညောင်ရေသွန်းပွဲတော် ကျင်းပသွားမည်

**မန္တလေး မေ ၂၆**

မန္တလေးတောင်ခြေ ခြင်္သေ့ကြီးနှစ်ကောင်အနီးရှိ မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး စိုက်ပျိုးတော်မူခဲ့သည့် အောင်မြေမဟာဇေတဝန်ညောင်ပင်တွင် ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ ညောင်ရေသွန်းပွဲတော်ကို မန္တလေးတောင်တော်ဂေါပကအဖွဲ့ကကြီးမှူး၍ ကဆုန်လပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် သံဃာ ၁၀ ပါးပင့်ဖိတ်ကာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော် နာယူတော်မူပြီးနောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စတင်ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းကပြောပြသည်။

"ကဆုန်လပြည့်ညောင်ရေသွန်းပွဲတော်ကို ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖတွေ၊ ဖိတ်ကြားထားတဲ့ အလှူရှင်တွေ၊ ဝန်ထမ်းအဖွဲ့တွေ၊ ဝတ်ရွတ်အဖွဲ့တွေနဲ့ ပရိတ်တရားနာယူပြီး ညောင်ရေသွန်းပွဲကျင်းပသွားမှာပါ။ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလာခဲ့တဲ့ မြန်မာလူမျိုးတွေရဲ့ ထူးခြားတဲ့ ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေလာကြပါတယ်။ ဘယ်သူမဆိုလာရောက်ပါဝင်ပြီး ညောင်ရေသွန်းလောင်းလှူကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ဦးသိန်းထွန်းက ပြောပြသည်။

အဆိုပါ ညောင်ရေသွန်းပွဲတော်သည် ၁၂ ကြိမ်မြောက်ဖြစ်ပြီး အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း၊ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲကျင်းပရာတွင် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများကို စတုဒိသာများကျွေးမွေးပြီး မြန်မာမှုတေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝန်ကြီးပဒေသရာဇာ၏ အသစ်တွေ့ရတနာမဉ္ဇူကျမ်း(၁)

## ဗိုလ်ရှိတ်(ရတနာပူရ)

ဝန်ကြီးပဒေသရာဇာဆိုလျှင် စာပေလောကသားတိုင်းသိကြသည်။ ဝန်ကြီးပဒေသရာဇာရေးသားခဲ့သော တျာချင်းတချို့ကို စာသင်ကျောင်းများတွင် သင်ရိုးအဖြစ် ပြဋ္ဌာန်းခဲ့သောကြောင့် စာပေလောကတွင်သာမက ကျောင်းပညာရေးလောကတွင်ပါ သိသူများထင်ရှားပေသည်။ ဝန်ကြီးပဒေသရာဇာသည် ညောင်ရမ်းခေတ်နှောင်းပိုင်းကာလတွင် အလွန်ထင်ရှားခဲ့သော စာဆိုတော်ကြီးဖြစ်သည်။

**ညောင်ရမ်းခေတ်**

ညောင်ရမ်းခေတ်ကို ညောင်ရမ်းမင်းတရားကြီး အင်းဝမြို့ကို စတင်တည်ထောင်ခဲ့သည့်သက္ကရာဇ် ၉၅၉ ခုနှစ်မှစ၍ ဟံသာဝတီပါမင်းနန်းကျသည့် ၁၁၁၃ ခုနှစ်ထိကို ညောင်ရမ်းခေတ်ဟု သတ်မှတ်သည်။ ညောင်ရမ်းခေတ်သည် နှစ်ပေါင်း ၁၅၄ နှစ်ကြာမျှတည်တံ့ခဲ့သော ခေတ်ကြီးဖြစ်သည်။ ညောင်ရမ်းခေတ်တစ်ခေတ်လုံးသည် အင်းဝမြို့ကို ဒုတိယအကြိမ်မြောက် စတင်တည်ထောင်သူ ညောင်ရမ်းမင်းတရားကြီး၏ အနွယ်တော်များသာ အစဉ်အဆက်စိုးစံခဲ့သောကြောင့် ညောင်ရမ်းခေတ်ဟူ၍ သတ်မှတ်ခေါ်ကြခြင်းဖြစ်သည်။ တချို့ကလည်း ညောင်ရမ်းခေတ်ကိုစတင်ထူထောင်သူ ညောင်ရမ်းမင်းတရားကြီးကိုအစွဲပြုပြီး ညောင်ရမ်းခေတ်ဟုခေါ်ကြခြင်းဖြစ်သည်။ ညောင်ရမ်းမင်းဟု အမည်တွင်ရခြင်းမှာ မင်းသားဘဝက စားခဲ့ရသည့် ညောင်ရမ်းမြို့ကိုအစွဲပြု၍ အမည်တွင်ခြင်းဖြစ်သည်။ ညောင်ရမ်းမြို့သည် သာစည်မြို့နယ်အတွင်း၌ တည်ရှိပြီး သာစည်-တောင်ကြီးသွားကားလမ်းဘေး၌ရှိသည်။ ညောင်ရမ်းခေတ်တွင် မင်း ၁၀ ဆက်စိုးစံခဲ့သည်။ ထိုမင်း ၁၀ ဆက်မှာ-

၁။ ညောင်ရမ်းမင်းတရားကြီး
၂။ အနောက်ဘက်လွန်မင်း
၃။ သာလွန်မင်း
၄။ ပင်းတလဲမင်း
၅။ ပြည်မင်း
၆။ နရာဝရမင်း
၇။ အင်္ဂါမင်း
၈။ စနေမင်း
၉။ တနင်္ဂနွေမင်း
၁၀။ ဟံသာဝတီပါမင်း တို့ဖြစ်သည်။

**စာဆို၏ဇာတိ**

ဗိုလ်မှူးဘသောင်းပြုစုသော စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းတွင် ဝန်ကြီးပဒေသရာဇာ၏ မွေးဖွားရာဇာတိမှာ အင်းဝမြို့ဖြစ်သည်ဟု ဖော်ပြထားသည်။ ဗိုလ်မှူးဘသောင်းနည်းတူစွာပင် အခြားသောစာဆိုတော်အတ္ထုပ္ပတ္တိကျမ်းများတွင် ဝန်ကြီးပဒေသရာဇာကို အင်းဝမြို့ဇာတိဟူ၍သာ ဖော်ပြခဲ့ကြသည်။ ဝန်ကြီးပဒေသရာဇာကို အင်းဝမြို့ဇာတိဟူသော အမှတ်အသားသည် စစ်ကိုင်းမြို့ ညောင်ပင်သာဦးပုညထံမှ ဆင်းသက်လာခြင်းဖြစ်သည်။

စပ်စပ်စုစုလုပ်တတ်သော မော်ဘီဆရာသိန်းသည် ညောင်ပင်သာဦးပုညနှင့်တွေ့စဉ် ဝန်ကြီးပဒေသရာဇာ၏ဇာတိကို မေးမြန်းထားသည်။ ညောင်ပင်သာဦးပုညက ဝန်ကြီးပဒေသရာဇာသည် အင်းဝမြို့ဇာတိဖြစ်သည်ဟု ဖြေကြားခဲ့သည်။ ထိုဖြေကြားချက်အတိုင်း မော်ဘီဆရာသိန်းက မှတ်သားထားခဲ့သည်။ ထို့နောက်တွင် မော်ဘီဆရာသိန်း၏ အမှတ်အသားအတိုင်း ဝန်ကြီးပဒေသရာဇာကို အင်းဝသား၊ အင်းဝဇာတိဟူ၍သာ စာအုပ်စာတမ်းများတွင် သုံးနှုန်းရေးသားခဲ့ခြင်းဖြစ်သည်။ ထိုအတိုင်းပင် ဒဂုန်နတ်ရှင်၏စာပြုစာဆိုပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိ၊ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း၊ မလိခ၏ပျို့အညွန်း၊ ဆရာလှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ်ကျမ်းတို့တွင် အင်းဝဇာတိဖြစ်သည်ဟူ၍သာ ဖော်ပြခဲ့ကြသည်။

သို့သော်ဝန်ကြီးပဒေသရာဇာသည် အင်းဝဇာတိမဟုတ်ဟူသော အထောက်အထားအသစ်တစ်ရပ် တွေ့လာသည်။ ထိုအထောက်အထားမှာ ဝန်ကြီးပဒေသရာဇာရေးသားခဲ့သည့် သမုဒ္ဒယောသပျို့ပင်ဖြစ်သည်။ သမုဒ္ဒယောသပျို့နိဂုံးတွင် ဝန်ကြီးပဒေသရာဇာသည် သူ၏မွေးရပ်ဇာတိကို အောက်ပါအတိုင်း ဖွဲ့ဆိုထားသည်။

"သန်လျက်အချာ၊ ရတနာပူရ၊ ရွှေဝအနောက်၊ မြောက်သို့ယွန်းလို၊ တွက်ဆိုယူဇနာ၊ ငါးရာတာချ၊ မြစ်မချင်းတွင်း၊ မြစ်မင်းဧရာ၊ သီတာမခြား၊ ယမားလည်းဆုံ၊ ငခုံပတ်ရှက်၊ လင်းဇရက်နှင့်၊ ဆက်၍စပ်ကာ၊ လယ်တာကန်ချောင်း၊ မြောင်းလည်းရေရှင်၊ ဝန်းကျင်ပတ်လည်၊ လိုမည်မတ၊ သုံးသီးရလျက်၊ ဆယ်ရွာတစ်ခိုင်၊ မင်္ဂိုင်ကဲ့သို့၊ အရာမြို့နှင့်၊ မချို့ပြည့်စုံ၊ မွေတုံညိုတုံ၊ ဆုံကြချက်မ၊ ဌာနသန့်စင်၊ ငယောင်သင်ဟု၊ ကြာတင်နှံ့သိ၊ ပန်းချီတောင်နား၊ ယမားစပ်နီး၊ ရပ်ကြီးပမာ၊ မှီရာအပေါင်း၊ ကောင်းမကောင်းကို၊ ကျိုးကြောင်းညွှန်ပြ၊ ဆုံးမသင်ကြား၊ တရားသိသိ၊ ဇောခိမည်စံ၊ ဗိမာန်ဒကာ၊ မွေတုံရွာမူ၊ ဖွားရာဌာန၊ လူလှနေမြစ်၊ သွင်သင်ရွေးရိုး၊ သူကောင်းမျိုးလျှင်"

❖ သမုဒ္ဒယောသပျို့နိဂုံးအရ ဝန်ကြီးပဒေသရာဇာသည် အင်းဝဇာတိ မဟုတ်ကြောင်းထင်ရှားလှသည်။ အင်းဝမြို့ အနောက်မြောက်ယွန်း တာ ငါးရာခန့်အကွာတွင် ချင်းတွင်းမြစ်၊ ရောဝတီမြစ်၊ ယမားချောင်းတို့ဆုံရာ ဒေသကြီးရှိသည်။ ထိုဒေသတွင် ငခုံရွာ၊ လင်းဇရက်ရွာတို့နှင့် ရေမြေ တစ်ဆက်တည်းရှိနေသော မွေတုံရွာ၊ ညိုတုံရွာဟူ၍ ရွာကြီးနှစ်ရွာလည်း ရှိသည်။ ထိုရွာတို့သည် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် အောင်မြင်သော ရွာကြီးများဖြစ်သည်။ တစ်နှစ်ကို သုံးသီးထိစိုက်ပျိုးနိုင်သော ရွာကြီး များဖြစ်သည်။ ဝန်ကြီးပဒေသရာဇာသည် ထိုကဲ့သို့ စိုက်ပျိုးရေးကောင်းလှ သော မွေတုံရွာကြီး၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။ ❖

အထက်တွင်ဖော်ပြခဲ့သော သမုဒ္ဒယောသပျို့နိဂုံးအရ ဝန်ကြီးပဒေသရာဇာသည် အင်းဝဇာတိမဟုတ်ကြောင်းထင်ရှားလှသည်။ အင်းဝမြို့ အနောက်မြောက်ယွန်းတာငါးရာခန့်အကွာတွင် ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ ယမားချောင်းတို့ဆုံရာ ဒေသကြီးရှိသည်။ ထိုဒေသတွင် ငခုံရွာ၊ လင်းဇရက်ရွာတို့နှင့် ရေမြေတစ်ဆက်တည်းရှိနေသော မွေတုံရွာ၊ ညိုတုံရွာဟူ၍ ရွာကြီးနှစ်ရွာလည်းရှိသည်။ ထိုရွာတို့သည် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် အောင်မြင်သောရွာကြီးများဖြစ်သည်။ တစ်နှစ်ကို သုံးသီးထိစိုက်ပျိုးနိုင်သော ရွာကြီးများဖြစ်သည်။ ဝန်ကြီးပဒေသရာဇာသည် ထိုကဲ့သို့စိုက်ပျိုးရေးကောင်းလှသော မွေတုံရွာကြီး၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။ စာဆိုဝန်ကြီးပဒေသရာဇာ၏ ဇာတိအမှန်ကို တိတိကျကျဖော်ပြထားသော ပျို့နိဂုံးပင်ဖြစ်သည်။ မွေတုံရွာသည် ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း၌တည်ရှိသည်။ ရှေးခေတ်သမိုင်းကြောင်းရာ အချက်အလက်များကို ညှိနှိုင်းအဖြေရှာရာတွင် သက်သေခိုင်လုံရန်လိုသည်။ သက်သေမှာ အတွင်းသက်သေ၊ အပြင်သက်သေဟူ၍ နှစ်မျိုးရှိသည်။ အတွင်းသက်သေမှာ စာဆိုကိုယ်တိုင်ရေးသားခဲ့သည့် အကြောင်းအရာများပင်ဖြစ်သည်။ အပြင်သက်သေဆိုသည်မှာ စာဆိုကိုယ်တိုင်ရေးသားခြင်း မဟုတ်ဘဲ အခြားတစ်ဦးဦးက မှတ်တမ်းတင်ထားသောအကြောင်းအရာများဖြစ်သည်။ ဝန်ကြီးပဒေသရာဇာ၏ မွေးရပ်ပြဿနာတွင် သမုဒ္ဒယောသပျို့သည် ဝန်ကြီးပဒေသရာဇာကိုယ်တိုင်ရေးသားခဲ့သည့် အတွင်းသက်သေဖြစ်သည်။ အင်းဝဇာတိဟူသော အဆိုသည် အခြားတစ်ဦးကရေးခဲ့သော အပြင်သက်သေဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးပဒေသရာဇာ၏ မွေးရပ်မြေသည် အတွင်းသက်သေဖြစ်သော ဝန်ကြီးပဒေသရာဇာရေးသားခဲ့သည့် သမုဒ္ဒယောသပျို့နိဂုံးအတိုင်း ပုလဲမြို့နယ် မွေတုံရွာသားဟူ၍သာ မှတ်သားရမည်ဖြစ်သည်။

**မွေးဖွားနှစ်**

ဝန်ကြီးပဒေသရာဇာ၏ မွေးဖွားနှစ်ကို ဆရာလှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ်ကျမ်းတွင် ၁၀၄၆ ခုနှစ်တွင် ဖွားမြင်သည်ဟု ရေးထားသည်။ ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းတွင် ဝန်ကြီးပဒေသရာဇာသည် အသက် ၇၀ ကျော် ကွယ်လွန်သည်ဟူသောစကားကို အခြေခံကာ ၁၁၁၆ ခုနှစ်တွင် ဝန်ကြီးပဒေသရာဇာကွယ်လွန်သည်ဟုယူဆပြီး ဝန်ကြီးပဒေသရာဇာ၏ မွေးဖွားနှစ်ကို ၁၀၄၅ ခုနှစ်လောက်တွင် မွေးဖွားမည်ဟု ခန့်မှန်းခဲ့သည်။ ဝန်ကြီးပဒေသရာဇာ၏ မွေးဖွားနှစ်ကို အမှတ်အသားတိတိကျကျမတွေ့ရသဖြင့် ထိုကဲ့သို့ ခန့်မှန်းတွက်ချက်၍ ဝန်ကြီးပဒေသရာဇာ၏ မွေးဖွားနှစ်ကို မှန်းဆတွက်ချက်ကြခြင်းဖြစ်သည်။

သို့သော် ကံအားလျော်စွာပင် စာဆို၏ မွေးသက္ကရာဇ်ကို တိတိကျကျတွက်ယူနိုင်သော အမှတ်အသားတစ်ခုကိုတွေ့ရသည်။ ထိုအမှတ်အသားမှာ စာဆိုဝန်ကြီးပဒေသရာဇာရေးသားခဲ့သည့် မဏိကတ်ပျို့နိဂုံးပင်ဖြစ်သည်။ မဏိကတ်ပျို့နိဂုံးတွင် အောက်ပါစာသားကို တွေ့ရသည်။

"သားတော်ထွတ်တင်၊ အိမ်ရှေ့ရှင်သည်၊ ဥကင်စိုးပြီး၊ သီရိမဟာသီဟသူရဓမ္မရာဇာ၊ ကြေငြာနှံ့ဘိ၊ တံဆိပ်ရှိသည်၊ သီရိထွန်းပြက်၊ ရှင့်လက်ထက်ကား၊ ငယ်သက်နုမျစ်၊ ဆယ့်သုံးနှစ်က၊ တင်ပြစ်မဲ့စွာ"

အထက်ပါနိဂုံးစာသားအရ သီရိမဟာသီဟသူရဓမ္မရာဇာဘွဲ့ခံ အိမ်ရှေ့မင်းရှင်ဘုရင်ဖြစ်သည့်နှစ်တွင် စာဆိုသည် ၁၃ နှစ်သားအရွယ်ဖြစ်ကြောင်း သိရသည်။ သီရိမဟာသီဟသူရဓမ္မရာဇာသည် စနေမင်းကို ဆိုခြင်းဖြစ်သည်။ စနေမင်းသည် သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်တွင် နန်းတက်သည်။ နန်းတက်သည့်နှစ်တွင် စာဆိုသည် ၁၃ နှစ်အရွယ်ရှိပြီဟု အတိအကျဆိုထားသောကြောင့် ၁၀၆၀ ပြည့်နှစ်မှ ၁၃ နှစ်ကိုနုတ်လျှင် စာဆို၏မွေးဖွားနှစ်သည် သက္ကရာဇ် ၁၀၄၇ ခုနှစ်ဖြစ်ကြောင်း တိတိကျကျသိလာရပေသည်။

**စာဆို၏မျိုးရိုး**

သမုဒ္ဒယောသပျို့နိဂုံးတွင် "မွေတုံရွာမူ၊ ဖွားရာဌာန၊ လူလှနေမြစ်၊ သွင်သစ်ရွေးရိုး၊ သူကောင်းမျိုးလျှင်"ဟူ၍ ရေးဖွဲ့ထားသောကြောင့် ဝန်ကြီးပဒေသရာဇာ၏ မျိုးရိုးသည် သူကောင်းမျိုးရိုးဖြစ်ကြောင်း သိရသည်။

ဝန်ကြီးပဒေသရာဇာ၏ မိခင်သည် အင်္ဂါမင်းလက်ထက်တွင် သားတော်အိမ်ရှေ့မင်း၏ အချီတော်အဖြစ်ထမ်းရွက်ရသူဖြစ်သည်။ ထိုအကြောင်းကို ဝန်ကြီးပဒေသရာဇာက မဏိကတ်ပျို့နိဂုံး၌ "ကျွန်ုပ်သည်လျှင်၊ ဘုန်းစည်ပရမ၊ ဘုရားဘေးတော်၊ တံဆိပ်တော်မူ၊ မည်ကျော်ပါဠိ၊ သီရိတြိဘဝနာ၊ သီဟသူရ၊ အဂ္ဂမဏိတ၊ ရာဇာဓိမဟာဓမ္မရာဇာ၊ နုရာထွတ်ချက်၊ မင်းလက်ထက်ဝယ်၊ ချက်သက်ရှုမြော်၊ သားတော်ရန်နင်း၊ အိမ်ရှေ့မင်း၏၊ ထံရင်းမခြား၊ ချီတော်သားလျှင်၊ ဖြစ်ငြားသည်ကြောင့်"ဟူ၍ အိမ်ရှေ့မင်းအချီတော်၏ သားဖြစ်ကြောင်း ရေးဖွဲ့ထားသည်။

ထို့ပြင် ဝန်ကြီးပဒေသရာဇာရေးဖွဲ့ခဲ့သော သူဇာပျို့နိဂုံးတွင် "မိလည်းမျိုးနွယ်၊ စင်ကြယ်သန့်လှ၊ ဘုရားဘိုးတော်၊ ဘုန်းကျော်ထွတ်မြင့်၊ ရှင်ပင်ချီတော်၊ မတ်ကတော်ဟု၊ ခေါ်ဝေါ်ရလျက်၊ ဆောင်ရွက်နေရာ၊ ကျေးရွာဆင့်ပြောင်း၊ စဉ်တိုင်းကောင်း၏"ဟူ၍ မိခင်မှာ အမတ်ကတော်ရာထူးပါ ရရှိသူဖြစ်ကြောင်း ရေးဖွဲ့ထားသည်။

ဝန်ကြီးပဒေသရာဇာ၏ မိခင်ဟံသာဝတီပါမင်းခေါ် ကြာသပတေးမင်းလက်ထက်၌ အဆောင်အယောင် အခမ်းအနားများဖြင့် တင့်တင့်တယ်တယ်နေခဲ့ရသည်။ ထိုအကြောင်းကို သူဇာပျို့နိဂုံး၌ပင် "ဘုရားလက်ထက်၊ ကျိုင်းရွှေချက်နှင့်၊ ကွမ်းခွက်လေးထောင့်၊ မနှောင့်သမ်းညီး၊ မိုးကြိုးထွေးအင်၊ ရောင်တင်တောက်ပ၊ မှတ်လှကန္တား၊ ဆန်းပြားလုပ်ဆောင်၊ ပြောင်ပြောင်ထိတ်ထိတ်၊ ခြင်ပိတ်အထွတ်၊ ပြောင်ပတ်ရွှေပြည်၊ ထွန်းစည့်ရောင်သွယ်၊ အုံးရွှေချယ်နှင့်၊ တင့်တယ်ပသ၊ ဆောင်ရွက်ရ၏"ဟူ၍ ရေးဖွဲ့ထားခဲ့သည်။

ဝန်ကြီးပဒေသရာဇာ၏ ဖခင်သည် ရွှေကြုပ်စားစနည်းနေရာနေ၊ နန်းတွင်းဝန်စုပါ မှူးကြီးမတ်ကြီးဖြစ်သည်။ စာဆို၏ဖခင်သည် မိခင်ထက်စောစွာ ကွယ်လွန်ခဲ့သည်ဟု ယူဆရသည်။ ထိုအကြောင်းကို သူဇာပျို့နိဂုံးတွင် "ဘလည်းထို့တူ၊ ဓမ္မူရောင်ချိပ်၊ ရွှေနန်းရိပ်ဝယ်၊ ခိုအိပ်မြဲရ၊ ရာကျအသင့်၊ လင်းပွင့်ချမ်းသာ၊ နေရာစနည်း၊ ကျော်သည်းဝန်စု၊ များထုစီးပွား၊ ရွှေကြုပ်စားသည်၊ သက်များမကြွယ်၊ ရွှေပြောင်းလွယ်သော်၊ ကြီးငယ်ရာဌာန်၊ ကောင်းတို့ကျန်၍၊ ယူပြန်မရ၊ ရှုတနှမြောရှိ၏"ဟူ၍ ရေးဖွဲ့ထားသည်။

ဝန်ကြီးပဒေသရာဇာ၏ အဘိုးမှာလည်း ဝန်ထောက်၊ စနည်းနေရာ၊ ရွှေကြုပ်စားရာထူးများရရှိခဲ့သူဖြစ်သည်။ အဘိုးမှာ မိခင်ဖြစ်သူ၏ အဖေမဟုတ်ဘဲ ဖခင်ဖြစ်သူ၏အဖေဖြစ်သည်။ ထိုအကြောင်းကို သူဇာပျို့နိဂုံး၌ပင် "အဖိုးဝန်ထောက်၊ ဂုဏ်မြောက်ပြစ်ပြေ၊ စနည်းနေ၍၊ ဆူဝေထင်ရှား၊ ရွှေကြုပ်စား၏၊ မတ်ဖျားမှူးခေါင်၊ ကုန်အောင်ထားတည်၊ မြောက်မည်ရည်ပင်၊ မရှည်ကာလ၊ အသက်လျှခဲ့"ဟူ၍ ရေးဖွဲ့ထားသည်။

ဝန်ကြီးပဒေသရာဇာ၏ အမျိုးအနွယ်ကို ဝန်ကြီးပဒေသရာဇာရေးသားသော ပျို့များမှ ကောက်သင်းကောက်သကဲ့သို့ စုစည်း၍ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပြည်တွင်းရော်ဘာဈေးကွက်အတွင်း ရော်ဘာဈေးကောင်းရနေပြီး တရုတ်နှင့်ထိုင်းနိုင်ငံဈေးကွက်တွင်လည်း ဈေးကောင်းရနေ

**ထားဝယ် ဧပြီ ၂၆**

ပြည်တွင်းရော်ဘာဈေးကွက်အတွင်း ရော်ဘာဈေးကောင်းရနေပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံဈေးကွက်တွင်လည်း ဈေးကောင်းရနေကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း(တနင်္သာရီတိုင်းဒေသကြီး)မှ ဇဟိုအလုပ်အမှုဆောင် ဦးကျော်ဦးက ပြောပြ၍ သိရသည်။

ပြည်တွင်းရော်ဘာဈေးကွက်တွင် ပြီးခဲ့သည့် မတ်လ ပထမပတ်က ဈေးကောင်းရရှိခဲ့သော်လည်း တဖြည်းဖြည်းဈေးကျခဲ့ပြီး ဧပြီလတွင် ရော်ဘာဈေးနှုန်းများပြန်လည်မြင့်တက်လျက်ရှိကြောင်း၊ ရော်ဘာများကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းရော်ဘာဈေးကွက်မှာ ပြီးခဲ့တဲ့ မတ်လ ပထမပတ်က ရော်ဘာအထူခြောက် တစ်ပေါင်ကို ငွေကျပ် ၁၀၀၀ ရှိရာမှ မတ်လ တတိယပတ်မှာ ငွေ ၉၄၅ ကျပ်သို့ကျဆင်းခဲ့ပြီး ဧပြီလမှာတော့ ငွေကျပ် ၁၂၀၀ ကို ပြန်လည်မြင့်တက်လာပါတယ်။ လက်ရှိပြည်တွင်းရော်ဘာဈေး ပြန်လည်မြင့်တက်နေတာကတော့ ပြည်ပရော်ဘာဈေးကွက်ဖြစ်တဲ့ တရုတ်ဈေးကွက်အပြင် ထိုင်းဈေးကွက်မှာလဲ ဈေးကောင်းရရှိနေတာကြောင့်ဖြစ်ပါတယ်"ဟု ဇဟိုအလုပ်အမှုဆောင် ဦးကျော်ဦးက ပြောပြသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရော်ဘာအများဆုံး စိုက်ပျိုးကြပြီး စုစုပေါင်းစိုက်ဧက ၁ ဒသမ ၆ သန်းကျော်ရှိကြောင်း သိရသည်။

နှစ်စဉ် ရော်ဘာတန်ချိန် ၁၉၀၀၀၀ ကျော်ကို တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း(တနင်္သာရီတိုင်းဒေသကြီး)မှ သိရသည်။ ASH



# ပခုက္ကူမြို့နယ် ရှာနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပခုက္ကူ ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသောလူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ပခုက္ကူမြို့နယ် ဆိတ္တဝကျေးရွာအုပ်စု ရှာနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ရှာနောင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကစီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေပမာဏများ စာရင်းကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှာနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု ၈၈ စုအတွက် ငွေကျပ် ၂၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု ၂၀ အတွက် ငွေကျပ် ၆ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု ၁၀ စုအတွက် ငွေကျပ် ၂ ဒသမ ၆ သန်း စုစုပေါင်းအိမ်ထောင်စု ၁၁၈ စုအတွက် ငွေကျပ် ၂၉ ဒသမ ၈ သန်းကို ငွေကျပ် ၁၀၀ လျှင် အတိုးနှုန်း ပြား ၅၀ ဖြင့် ထုတ်ချေးပေးထားကြောင်း ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

**အထွေး**

# မေတ္တာအိမ်ကလေးဆီလာကြပါ

- မေတ္တာအိမ်လေး နွေးနွေးထွေးကို
မနှေးလျင်စွာ လာကြပါ၊
အပြေးတွင်သာ လာကြပါ၊
မေတ္တာအိမ်လေးဆီကိုပါ။

- တစ်ရံခါက နေခဲ့ကြသည့်
ကြည်စွရေလည် စမ်းချောင်းကြည်နှင့်
ချစ်ကြည်မွေ့ဖွယ် ငှက်ကျေးကြွယ်၍
မွေးကြွယ်ပန်းတင့် ဖူးကာပွင့်လို့
နေချင့်စဖွယ် မေတ္တာအိမ်၊
မှတ်မိဦးမယ် အရင်ချိန်။

- မေတ္တာအိမ်မှာ ရှေးကသာတည့်
တွဲကာတူယှဉ် နေခဲ့စဉ်လည်း
အတွင်မဆွ သွေးခွဲကြ၍
သွေးကတူတူ အမြဲတူလည်း
စိတ်မူဆင်ကွဲ ဖြစ်ကြမြဲ၊
အတိတ်မူထင်ဆဲ လှစ်ဟဆဲ။

- ဘယ်သူခွဲခွဲ တို့မကွဲ၍
အမြဲစဉ်သာ စည်းလုံးဖြာလို့
ချစ်စရာ့အိမ် မေတ္တာအိမ်ကို
လာချိန်လည်းတန် ဆုံချိန်မှန်မို့
မချန်တူတွဲ လက်ချင်းမြဲကာ
မခွဲရှေ့ဆီ သစ္စာရည်ပြီး
ချစ်ကြည်စိတ်မှန် မေတ္တာမှန်ဖြင့်
ပြန်လည်ဆုံတွေ့ကြပါစို့၊
တစ်ဖန်ဆုံတွေ့ မမေ့ကြဖို့။ ။

**ပြေအေးသက်**

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ မကျီးခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၅ သိန်းကို ဘုန်းတလုတ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဘုန်းတလုတ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့က အသင်းသား၊ အသင်းသူ ၁၆၄ ဦးအား ငွေကျပ် ၄၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# နိုင်ငံတကာ သတင်းများ

## သမ္မတပူတင်၏ မောင်းသူမဲ့လေယာဉ်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော် ရုရှားသုံးစွဲနိုင်ဟုဆို



**မော်စကို မေ ၂၆**

ရုရှားသမ္မတပူတင်က ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကြေညာထားသော မောင်းသူမဲ့လေယာဉ်တည်ဆောက်ရေး စီမံကိန်းကို အကောင်အထည်ဖော်ရန် ရုရှားနိုင်ငံအနေဖြင့် ရူဘယ်ဘီလီယံ ၅၀၀(အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံ)လိုအပ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

မောင်းသူမဲ့ လေယာဉ်များ တည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်မည့်ငွေကြေးပမာဏကို စီမံကိန်းနှင့်နီးစပ်သူများက ရုရှားပြည်တွင်း မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားခြင်းဖြစ်သည်။

ရုရှားသမ္မတပူတင်၏ ကြေညာချက်အရ ရုရှားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ထိ စစ်သုံးမောင်းသူမဲ့လေယာဉ်များ တည်ဆောက်ရေး စီမံကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

အဆိုပါစီမံကိန်းကို ရုရှားအစိုးရက လာမည့် ဇွန် ၁ရက်တွင် အတည်ပြုပေးရမည်ဖြစ်သည်။

မောင်းသူမဲ့လေယာဉ်စီမံကိန်းအတွက် လိုအပ်သည့်ငွေကြေးပမာဏရယူရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းတို့အတွက် သက်ဆိုင်ရာဌာနအားလုံး ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ရုရှားအစိုးရသတင်းအရင်းအမြစ်များက ပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနိုင်ငံအနေဖြင့် မောင်းသူမဲ့လေယာဉ်များ ကိုယ်တိုင်တည်ဆောက်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်ပြီး ယင်းမောင်းသူမဲ့လေယာဉ်များအား ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေးအတွက် အခြေခံအဆောက်အအုံများဖန်တီးရမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြီးခဲ့သည့်မတ်လအတွင်း ပြောကြားထားသည်။

ရုရှားနိုင်ငံသည် လက်ရှိအချိန်တွင် ယူကရိန်း အထူးစစ်ဆင်ရေးများအတွက် အီရန်နိုင်ငံထုတ်မောင်းသူမဲ့လေယာဉ်များကို အဓိကထားသုံးစွဲနေရကြောင်း သိရသည်။ KKO

## နိုင်ငံကြွေးမြီပမာဏကိုလျှော့ချရန် သီရိလင်္ကာအစိုးရ ကြိုးပမ်းနေ

**ကိုလံဘို မေ ၂၆**

ကြွေးမြီ ပြန်လည်ပေးဆပ်မှုဆိုင်ရာစည်းမျဉ်းများကို မြီရှင်များနှင့်ညှိနှိုင်းပြင်ဆင်ခြင်းဖြင့် စုစုပေါင်းကြွေးမြီပမာဏကို အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ လျှော့ချနိုင်ရန် သီရိလင်္ကာနိုင်ငံက ကြိုးစားနေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိမိတို့အနေဖြင့် ကြွေးမြီပြန်လည်ပေးဆပ်မှုစည်းမျဉ်းများကို ညှိနှိုင်းပြင်ဆင်ခြင်းဖြင့် နိုင်ငံကြွေးမြီပမာဏစုစုပေါင်းကို အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ လျှော့ချနိုင်ရန် ကြိုးစားနေကြောင်း သီရိလင်္ကာသမ္မတ ရာနီးလ်ဝစ်ခရီမီဆင်းက ယနေ့တွင် လွှတ်တော်၌ ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် သီရိလင်္ကာအစိုးရသည် တစ်ဦးချင်းမြီရှင်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ အိန္ဒိယ၊ ပဲရစ်ကလပ်အုပ်စုဝင်နိုင်ငံများနှင့် သီးခြားဆွေးနွေးပွဲများ ကျင်းပရန် ကြွေးမြီပြန်လည်ပေးဆပ်မှုစည်းမျဉ်းများအား လျှော့ချပြင်ဆင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် သီရိလင်္ကာနိုင်ငံသည် တစ်ဦးချင်းမြီရှင်နိုင်ငံများဖြစ်ကြသော တရုတ်၊ အိန္ဒိယနှင့် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများအပေါ် စုစုပေါင်းကြွေးမြီအမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံထိ တင်ရှိနေသည်။

သီရိလင်္ကာနိုင်ငံသည် ၁၉၄၈ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး ဘဏ္ဍာရေးကပ်ဘေးနှင့် ရင်ဆိုင်နေရသည်။

လက်ရှိအချိန်တွင် သီရိလင်္ကာအစိုးရသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)ထံမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့်ရှိ ဘဏ္ဍာရေးအကူအညီကတိကဝတ်ကို ရရှိထားပြီးဖြစ်ကြောင်း သိရသည်။ KKO




## အမေရိကန်ကနှင်ထုတ်ခံထားရသည့် ကျူးဘားနိုင်ငံသားများကို ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကျူးဘားသို့ပြန်လည်ပို့ဆောင်

**ဟာဗားနား မေ ၂၆**

၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နိုင်ငံသည် နှင်ထုတ်ခံထားရသည့် ကျူးဘားနိုင်ငံသားများကို မေ ၂၄ ရက်တွင် ကျူးဘားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကပ်ဘေးရောဂါ စတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနယ်စပ်၌ ဖမ်းဆီးခံခဲ့ရသည့် ကျူးဘားနိုင်ငံသားများအား ပို့ဆောင်ပေးမည့် လေကြောင်းခရီးစဉ်များကို ပြန်လည်လက်ခံရန် ကျူးဘားအစိုးရက သဘောတူထားပြီးဖြစ်သည်။

အမေရိကန်နိုင်ငံမှ နှင်ထုတ်ခံထားရသည့် ကျူးဘားနိုင်ငံသားများလိုက်ပါသွားသော လေယာဉ်ကို မေ ၂၄ ရက်တွင် ဟာဗားနားမြို့သို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း အမေရိကန်အစိုးရ အမိမြေလုံခြုံရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

ကျူးဘားနိုင်ငံသား ၁၂၃ ဦး လိုက်ပါလာသည့် အဆိုပါလေယာဉ်ဆိုက်ရောက်လာမှုကို ကျူးဘားအာဏာပိုင်များကလည်း အတည်ပြုထားသည်။

အမေရိကန်အစိုးရသည် နယ်စပ်ဖြတ်ကျော်၍ အမေရိကန်နိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် ကျူးဘားနိုင်ငံသားများ စံချိန်တင်မြင့်တက်လာမှုကိုလျှော့ချရေးအတွက် ဖမ်းဆီးခံရပြီးနောက် နှင်ထုတ်ခံထားရသည့် ကျူးဘားနိုင်ငံသားများကို ကျူးဘားသို့ လေကြောင်းခရီးဖြင့် ပြန်လည်ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုနှစ် ဇန်နဝါရီလမှစ၍ အမေရိကန်အစိုးရသည် ပိုမိုတင်းကျပ်သည့် နယ်စပ်လုံခြုံရေးစည်းမျဉ်းများ ကျင့်သုံးခဲ့မှုကြောင့် ကျူးဘားနိုင်ငံသားများအပါအဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်သူအရေအတွက် ကျဆင်းလာခဲ့ကြောင်း သိရသည်။ KKO

## ဘယ်လ်ဂျီယံနှင့်အီရန်နိုင်ငံတို့ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်

**တီဟီရန် မေ ၂၆**

ဘယ်လ်ဂျီယံနိုင်ငံ၌ ထောင်ဒဏ်နှစ်ပေါင်း ၂၀ အပြစ်ပေးခံထားရသော အီရန်သံတမန်တစ်ဦးမှာ အီရန်-ဘယ်လ်ဂျီယံ အကျဉ်းသားချင်း လဲလှယ်ရေးအစီအစဉ်အရ ပြန်လည်လွတ်မြောက်လာမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံက အကျဉ်းသားချင်းလဲလှယ်ရေး အစီအစဉ်ကို အဆိုပြုလာခဲ့ပြီးနောက် မိမိတို့အနေဖြင့် အီရန်သံတမန် အဆာဒူလ်အက်ဆာဒီကို ပြန်လွှတ်ပေးရန် တောင်းဆိုထားကြောင်း အီရန်တရားရေးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အကျဉ်းသားချင်း လဲလှယ်ရေးအစီအစဉ်အရ အီရန်နိုင်ငံ၌ ဖမ်းဆီးခံထားရသည့် အိုလီဗီယာဗင်ဒီကတ်စတီလီအမည်ရှိ ဘယ်လ်ဂျီယံနိုင်ငံသားကို ပြန်လွှတ်ပေးရန် ဘယ်လ်ဂျီယံအစိုးရက အဆိုပြုထားသည်။

အဆိုပါအကျဉ်းသားချင်းလဲလှယ်ရေးအစီအစဉ်ကို ဘယ်လ်ဂျီယံအစိုးရက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အဆိုပြုထားခြင်းဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အီရန်နှင့် ရယူထားသည့် အကျဉ်းသားချင်း လဲလှယ်ရေးသဘောတူညီချက်ကို ဘယ်လ်ဂျီယံဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက အတည်ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

အီရန်သံတမန် အက်ဆာဒီသည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ အီရန်အတိုက်အခံအုပ်စုတစ်စုကို ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်မှုဖြင့် ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၌ ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခံထားရသူဖြစ်ကြောင်း သိရသည်။ KKO

## ဂျာမနီနှင့်ဗြိတိန်လေတပ်တို့မှတိုက်လေယာဉ်များ ရုရှားစစ်လေယာဉ်များကို ဘောလ်တစ်ဒေသ၌ ခြေရာခံစောင့်ကြည့်

**မော်စကို မေ ၂၆**

ရေဒီယိုဆက်သွယ်ရေးစက်များပိတ်၍ ဘောလ်တစ်ပင်လယ်ဒေသအထက်၌ ပျံသန်းနေသော ရုရှားစစ်လေယာဉ်သုံးစင်းကို ဂျာမနီလေတပ် တိုက်လေယာဉ်များက ယနေ့တွင် ခြေရာခံစောင့်ကြည့်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘောလ်တစ် ပင်လယ်ဒေသအထက်၌ ရေဒီယိုဆက်သွယ်ရေးစက်များပိတ်၍ ပျံသန်းနေသော ရုရှားလေတပ်မှ အက်စ်ယူ-၂၇ တိုက်လေယာဉ်နှစ်စင်းနှင့် အီလူရှင်း အိုင်အယ်လ်-၂၀ အမျိုးအစား စစ်ဘက် သယ်ယူပို့ဆောင်ရေးလေယာဉ်တို့ကို ခြေရာခံစောင့်ကြည့်ရေးအတွက် တိုက်လေယာဉ်များ အရေးပေါ် စေလွှတ်ခဲ့ကြောင်း ဂျာမနီလေတပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှား စစ်လေယာဉ်များကို စောင့်ကြည့်ရေးအတွက် ဂျာမနီနိုင်ငံအပြင် ဗြိတိန်နိုင်ငံကလည်း တိုက်လေယာဉ်များ အရေးပေါ် စေလွှတ်ခဲ့ကြောင်း သိရသည်။

ရုရှား စစ်လေယာဉ်များသည် ရုရှားကုန်းမကြီးနှင့် ကာလင်နင်ဂရက်ဒေသတို့ကြား ပုံမှန်အသွားအပြန် ပျံသန်းလေ့ရှိရာ အနောက်အုပ်စုနိုင်ငံများမှ တိုက်လေယာဉ်များကလည်း ရုရှားစစ်လေယာဉ်များကို ပုံမှန်ခြေရာခံစောင့်ကြည့်လေ့ရှိသည်။

ဂျာမနီနိုင်ငံသည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး)၏ ဘောလ်တစ်ဒေသ လေကြောင်းကင်းလှည့်တာဝန်များကို ယခုလ




အစောပိုင်းတွင် ဗြိတိန်နိုင်ငံထံသို့ လွှဲပြောင်းပေးထားပြီး ဖြစ်ကြောင်း သိရသည်။

နေတိုးအုပ်စုဝင် နိုင်ငံများဖြစ်သည့် လစ်သူယေးနီးယား၊ လက်ဗီးယားနှင့် အက်စတိုးနီးယားနိုင်ငံတို့၌ ကိုယ်ပိုင်တိုက်လေယာဉ်များ မရှိမှုကြောင့် ဘောလ်တစ်ဒေသ လေကြောင်းကင်းလှည့်တာဝန်ကို အခြားနေတိုးမဟာမိတ်နိုင်ငံများက ရယူပေးထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## သိပ္ပံစမ်းသပ်လေလုံခန်းတစ်ခုအား နိုင်ငံတကာအာကာသစခန်း ပင်မကိုယ်ထည်တစ်ခုမှ အခြားကိုယ်ထည်တစ်ခုသို့ ရွှေ့ပြောင်းမည့်အစီအစဉ်ကို ရုရှားအာကာသယာဉ်မှူးများ ဆိုင်းငံ့



**မော်စကို မေ ၂၆**

သိပ္ပံစမ်းသပ်လေလုံခန်းတစ်ခုအား နိုင်ငံတကာအာကာသစခန်း ပင်မကိုယ်ထည် တစ်ခုမှ အခြားကိုယ်ထည်တစ်ခုသို့ ရွှေ့ပြောင်းမည့် အစီအစဉ်ကို ရုရှားအာကာသယာဉ်မှူးများက ဆိုင်းငံ့ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

ရုရှားအာကာသယာဉ်မှူး ဆာဂေး ပရိုကိုယက်ဗ်နှင့် ဒီမစ်ထရီပီတီလင်တို့သည် သိပ္ပံစမ်းသပ်လေလုံခန်းကို မေ ၂၅ ရက်တွင် နေရာရွှေ့ပြောင်းပေးရန် မူလကစီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အထက်ပါလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ်သုံးသပ်ရန် လိုအပ်မှုကြောင့် ရုရှားအာကာသယာဉ်မှူးများ၏ နိုင်ငံတကာ အာကာသစခန်းယာဉ် ပြင်ပထွက်ခွာရေးအစီအစဉ်ကို မေလဆန်းပိုင်းသို့ ကာလရွှေ့ဆိုင်းထားကြောင်း ရုရှားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ရုရှားအာကာသယာဉ်မှူးများ နေရာရွှေ့ပြောင်းရမည့် လေလုံခန်းသည် ရက်စ်ဗက်အမည်ရှိ ပင်မကိုယ်ထည်၌ ၂၀၁၀ ပြည့်နှစ်ကပင် တပ်ဆင်ထားသည့် စမ်းသပ်လေလုံခန်းဖြစ်သည်။

ရုရှားအာကာသ အေဂျင်စီသည် အဆိုပါစမ်းသပ်လေလုံခန်းကို နော်ကာအမည်ရှိ ပင်မကိုယ်ထည်သစ်ဆီသို့ ရွှေ့ပြောင်းတပ်ဆင်ရန် စီစဉ်ထားသည်။

ရုရှားအာကာသယာဉ်မှူး ပရိုကိုယက်နှင့်ပီတီလင်တို့သည် ဧပြီ ၁၈ ရက်ကလည်း နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ရက်စ်ဗက်ပင်မကိုယ်ထည်မှ အပူထုတ်စနစ်ကို နော်ကာပင်မကိုယ်ထည်သို့ ရွှေ့ပြောင်းတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

KKO

## အင်္ဂါဂြိုဟ်၏ဂြိုဟ်ရံလတစ်စင်းဖြစ်သော ဒီးမော့စ်ဂြိုဟ်ရံလ၏ အသေးစိတ်အကျဆုံးဓာတ်ပုံများကို သိပ္ပံပညာရှင်များက ဖော်ထုတ်ပြသထား

**ဒူဘိုင်း မေ ၂၆**

အင်္ဂါဂြိုဟ်၏ဂြိုဟ်ရံလတစ်စင်းဖြစ်သော ဒီးမော့စ်ဂြိုဟ်ရံလ၏ အသေးစိတ်အကျဆုံး ဓာတ်ပုံများကို သိပ္ပံပညာရှင်များက ဖော်ထုတ်ပြသထားကြောင်း The Daily Mail သတင်းစာက မေ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဓာတ်ပုံများကို အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)က လွှတ်တင်ထားသော ဟုပ်အမည်ရှိ အာကာသယာဉ်က ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် ဒီးမော့စ်ဂြိုဟ်ရံလကို ၆၂ မိုင်အကွာမှဖြတ်ကျော်ပျံသန်းချိန်တွင် ၎င်းဓာတ်ပုံများကို ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ဓာတ်ပုံများထဲတွင် ယခင်က အသေးစိတ်လေ့လာရန် မဖြစ်နိုင်ခဲ့သော ဒီးမော့စ်ဂြိုဟ်ရံလ၏ အာကာသဟင်းလင်းပြင်ဘက်အခြမ်း ဓာတ်ပုံများလည်းပါဝင်ကြောင်း သိရသည်။

ဟုပ်အာကာသယာဉ် ရိုက်ကူးပေးခဲ့သည့် ဓာတ်ပုံများသည် သိပ္ပံပညာရှင်များအနေဖြင့် ဒီးမော့စ်ဂြိုဟ်ရံလ၏ လေထုလွှာဖွဲ့စည်းတည်ဆောက်ပုံနှင့် မူလဇာစ်မြစ်တို့ကိုလေ့လာနိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။

အင်္ဂါဂြိုဟ်သည် ဂြိုဟ်ရံလ နှစ်စင်းပိုင်ဆိုင်ထားရာ တစ်စင်းမှာ ဒီးမော့စ်ဂြိုဟ်ရံလဖြစ်ပြီး တစ်စင်းမှာ ဖိုးဘော့စ်ဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။

KKO

## အိုင်းစပေ့အာကာသကုမ္ပဏီ၏ ဟာကူတို-အာရ်လဆင်းယာဉ်က လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန်ကြိုးစားခဲ့သော်လည်း အောင်မြင်မှုရခဲ့ဖွယ်မရှိ

**တိုကျို မေ ၂၆**

ဂျပန်နိုင်ငံ အခြေစိုက် အိုင်းစပေ့စ်အာကာသကုမ္ပဏီ၏ ဟာကူတို-အာရ် လဆင်းယာဉ်သည် ဧပြီ ၂၅ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုရခဲ့ဖွယ် မရှိကြောင်း The Daily Mail သတင်းစာက ရေးသားတင်ပြထားကြောင်း သိရသည်။

ဟာကူတို-အာရ် လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်ရှိ အက်တလပ်စ် ဥက္ကာချိုင့်ဝှမ်းနယ်မြေပေါ်သို့ ဧပြီ ၂၅ ရက်တွင် ဆင်းသက်ခဲ့သော်လည်း အဆက်အသွယ်ပြတ်တောက်ခဲ့မှုကြောင့် အောင်မြင်စွာ ဆင်းသက်နိုင်မှုရှိ၊ မရှိကို အတည်ပြုနိုင်ခြင်း မရှိကြောင်း သိရသည်။

ဟာကူတို-အာရ် လဆင်းယာဉ်၏ လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးပမ်းမှုကို အပြီးမသတ်နိုင်သည့် မစ်ရှင်တစ်ခုအဖြစ် မိမိတို့မှတ်ယူထားကြောင်း အိုင်းစပေ့စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နေစဉ်အတွင်း လောင်စာရည်ပြဿနာကြောင့် ဟာကူတို-အာရ် အာကာသယာဉ်မှာ လမျက်နှာပြင်ပေါ်သို့ ပျက်ကျခဲ့ဖွယ်ရှိကြောင်း အိုင်းစပေ့စ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

အိုင်းစပေ့စ်ကုမ္ပဏီသည် ဟာကူတို-အာရ် လဆင်းယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အရက်သေစာ အဆက်မပြတ်သောက်သုံးမှုကြောင့် နာတာရှည်နာကျင်ကိုက်ခဲမှုပြဿနာ ပိုမိုပြင်းထန်လာနိုင်

**နယူးယောက် မေ ၂၆**

အရက်သေစာအဆက်မပြတ် သောက်သုံးမှုကြောင့် နာတာရှည် နာကျင်ကိုက်ခဲမှုပြဿနာ ပိုမိုပြင်းထန်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

အရက်သေစာ အဆက်မပြတ် သောက်သုံးမှုကြောင့်ဖြစ်စေ၊ အရက်ဖြတ်လိုက်မှုကြောင့်ဖြစ်စေ ပေါ်ထွက်လာသော ဇီဝဓာတုအပြောင်းအလဲဖြစ်စဉ် နှစ်ရပ်ကြောင့် နာတာရှည် နာကျင်ကိုက်ခဲမှုဝေဒနာ ပိုပြင်းထန်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ စကာရစ်ဆေးသုတေသနဌာနမှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အရက်သောက်သုံးမှု၊ အရက်ဖြတ်မှုနှင့် နာတာရှည်နာကျင်ကိုက်ခဲမှုပြဿနာတို့ကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် ကြွက်များဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

လေ့လာချက်မှထွက်ပေါ်လာသောရလဒ်များအရ အရက်ဖြတ်ပြီးနောက်နှင့် အရက်သောက်သုံးမှုကြောင့် ပေါ်ထွက်လာသည့် မော်လီကျူးအဆင့်အပြောင်းအလဲများနှင့်အတူ တစ်ခုနှင့်တစ်ခု မတူညီသော နာကျင်ကိုက်ခဲမှုပုံစံနှစ်မျိုး ပေါ်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ အရက်သောက်သုံးမှုနှင့်ဆက်စပ်နေသည့် နာကျင်ကိုက်ခဲမှုဝေဒနာကိုကုသရေးအတွက် ဆေးဝါးသစ်များ ဖန်တီးနိုင်ရန် လမ်းစပွင့်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အရက်စွဲမှုပြဿနာသည် ဆေးဝါးကုထုံးနှင့် စိတ်ကျန်းမာရေးကုထုံးများရယူရန် လိုအပ်သည့်ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

KKO

## မျက်နှာဖုံးစည်းများကြောင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ ကလေးအဖတ်မတင်မှုမြင့်မားနိုင်

**ဘာလင် မေ ၂၆**

ဗိုင်းရပ်စ်ကာကွယ်ရေးမျက်နှာဖုံးစည်းများကြောင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ ကလေးအဖတ်မတင်ခြင်း၊ အမျိုးသားများ၌ ဝှေးစေ့ ပုံမှန်လုပ်ငန်းလည်ပတ်မှု ဖောက်ပြန်ခြင်း၊ ကလေးများ၌ စဉ်းစားဆင်ခြင်နိုင်စွမ်း ထိခိုက်ကျဆင်းခြင်း စသည့် ပြဿနာများ ပေါ်လာတတ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျာမနီ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မျက်နှာဖုံးစည်း ကြာရှည်စွာတပ်ဆင်ထားသူများ၌ ကာဗွန်ဒိုင်အောက်ဆိုက် အပျော့စားအဆိပ်သင့်မှုပြဿနာ ရှိလာနိုင်သည်။

ထိုကဲ့သို့ မျက်နှာဖုံးစည်းနှင့်ပါးစပ်ကြား ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုစည်းမှုကြောင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၏ သန္ဓေသားအတွက် ပြဿနာရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် မျက်နှာဖုံးစည်းကြာရှည်စွာ ဝတ်ဆင်မှုကြောင့် ပေါ်ထွက်လာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် အမျိုးသားများ၌ ဝှေးစေ့အင်္ဂါ၏လုပ်ငန်းလည်ပတ်ပုံဖောက်ပြန်လာနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မျက်နှာဖုံးစည်းဝတ်ဆင်မှုသည် ကမ္ဘာတစ်ဝန်းမိခင်လောင်းများ ကလေးအဖတ်မတင်မှုနှင့် ၂၈ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိမြင့်မားလာမှုနှင့်ပတ်သက်နေနိုင်ကြောင်း ဂျာမနီ သုတေသနပညာရှင်များက သုံးသပ်ထားသည်။ KKO






# အတ္တလန်တာအသင်းက တိုက်စစ်မှူး ဟိုက်လန်းကိုရောင်းချရန် ပြင်ဆင်နေ

**ရောမ မေ ၂၆**

စီးရီးအေကလပ် အတ္တလန်တာအသင်းက အသင်းနှင့် ခြေစွမ်းပြသနေသည့် တိုက်စစ်မှူးဟိုက်လန်းကို မန်ယူအသင်းက ခေါ်ယူရန် ချိတ်ဆက်နေသောကြောင့်သင့်တော်သည့် ဈေးနှုန်းရရှိပါက ရောင်းချရန်အသင့်ရှိကြောင်း ထုတ်ပြန်ခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ တိုက်စစ်မှူး ဟိုက်လန်းသည် ယခုနှစ်ဘောလုံးရာသီမှ အတ္တလန်တာအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း ပြိုင်ပွဲစုံ၌ သွင်းဂိုး ၁၄ ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သောကြောင့် မန်ယူအသင်းအပါအဝင် ဥရောပထိပ်သီးကလပ်အသင်းများ၏ အပြိုင်ကမ်းလှမ်းခြင်းခံရသဖြင့် အတ္တလန်တာအသင်းက သင့်တော်သည့် ဈေးနှုန်းရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

အတ္တလန်တာအသင်းနည်းပြက "အသင်းမှာ ဟိုက်လန်းလို ခြေစွမ်းပြကစားသမားတွေ အများကြီးမရှိပါဘူး။ သူဟာ အသင်းကို ရောက်ရှိပြီးနောက် ပုံစံကောင်းပြသနိုင်ခဲ့သလို ထိပ်တန်းအဆင့်ခြေစွမ်းမျိုးပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒီလိုအရည်အသွေးမျိုးရှိတဲ့ ကစားသမားမျိုးကို ဥရောပထိပ်သီးကလပ်တွေက အမြဲတမ်းစိတ်ဝင်စားနေတာပါ။ လက်ရှိမှာလဲ ဟိုက်လန်းကို ကမ်းလှမ်းထားတဲ့ အသင်းတွေ အများကြီးရှိနေပါတယ်။ မြင့်မားတဲ့ ပြောင်းရွှေ့ကြေးနဲ့ ကမ်းလှမ်းလာမယ်ဆိုရင်တော့ ကျွန်တော်တို့ အသင်းအနေနဲ့ ငြင်းပယ်နိုင်မှာ မဟုတ်ပါဘူး"ဟုပြောကြားခဲ့သည်။

အတ္တလန်တာအသင်းသည် ယခုနှစ်ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသဖြင့် ပြိုင်ပွဲစုံ ၃၁ ပွဲကစားပြီးချိန်၌ ရမှတ် ၅၂ မှတ်ရရှိကာအဆင့်(၇)နေရာတွင် ရောက်ရှိနေပြီး အဆင့်(၄)မှ အေစီမီလန်အသင်းနှင့် ရမှတ် လေးမှတ်သာ ကွာဟနေသဖြင့် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းရယူနိုင်ပါကလာမည့်နှစ်တွင် ဥရောပပြိုင်ပွဲ ကစားရမည့် အခွင့်အရေးကို ပိုင်ဆိုင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ML



# ဘလက်ဘန်းအသင်းကိုအနိုင်ရခဲ့ပြီးနောက် ဘန်လေအသင်း ချန်ပီယံရှစ်ဆုဖလားဆွတ်ခူး



**လန်ဒန် မေ ၂၆**

အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ်(၄၄)အဖြစ်ကစားခဲ့သည့် ဘလက်ဘန်းအသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်၌ ဘန်လေအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း ESPNသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘန်လေအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၄၁ ပွဲကစားပြီးကတည်းက ပရီးမီးယားလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိမည့် အခွင့်အရေးကို ပိုင်ဆိုင်ခဲ့ပြီး ယခုပွဲစဉ်တွင် တိုက်စစ်မှူး ဘန်ဆန်၏ သွင်းဂိုးဖြင့် ဘလက်ဘန်းအသင်းကို အနိုင်ရခဲ့သဖြင့် ၄၄ ပွဲ ကစားအပြီးတွင် ရမှတ် ၉၅ မှတ်ရရှိခဲ့ကာ ဒုတိယနေရာမှ ရှက်ဖီးလ်(U)အသင်းကို နှစ်ပွဲအသာဖြင့် ရမှတ် ၁၃ မှတ်ထိဖြတ်တောက်နိုင်ခဲ့သောကြောင့် နှစ်ပွဲကစားရန်အလိုတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘလက်ဘန်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၆၅ မှတ်ဖြင့် အဆင့်(၆)နေရာမှ ဆန်းဒါးလန်းအသင်းနှင့်ရမှတ်တူညီနေပြီး ဂိုးကွာခြားချက်ကြောင့် အဆင့်(၈)နေရာတွင် ရပ်တည်နေသော်လည်း ပရီးမီးယားလိဂ်တန်းတက်ခွင့်အတွက် Play-off ကစားခွင့်ရရှိမည့်အခွင့်အရေးကိုပိုင်ဆိုင်ထားသည်။

လက်ရှိ အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၉၅ မှတ်ရရှိထားသည့် ဘန်လေအသင်းသည် ဘရစ္စတိုးအသင်း၊ကာဒစ်အသင်းတို့နှင့်ကစားရန်ကျန်ရှိနေပြီး အဆိုပါပွဲစဉ်များကို အနိုင်ရရှိခဲ့ပါက ချန်ပီယံရှစ်ပြိုင်ပွဲသမိုင်းတွင် ရမှတ် ၁၀၀ ကျော်ရရှိမည့်အသင်းအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သကဲ့သို့ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက ရမှတ် ၁၀၂ မှတ်ရယူနိုင်ခဲ့သည့် လက်စတာအသင်းနောက်ပိုင်း ဒုတိယမြောက် ရမှတ်အများဆုံးအသင်း ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။ ML

# ဒဏ်ရာရကစားသမားများဖြစ်သည့် ရီစီဂျိမ်းနှင့် မေဆင်မောင့်တို့ ယခုနှစ်ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဟု နည်းပြလမ်းပတ်ထုတ်ပြန်

**လန်ဒန် မေ ၂၆**

ချဲလ်ဆီးအသင်းမှ ဒဏ်ရာရကစားသမားများဖြစ်သည့် ခံစစ်ကစားသမား ရီစီဂျိမ်းနှင့်ကွင်းလယ်ကစားသမားမေဆင်မောင့်တို့သည် ယခုနှစ်ဘောလုံးရာသီကုန်ထိအနားယူရမည်ဟု နည်းပြလမ်းပတ်က ထုတ်ပြန်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ရီစီဂျိမ်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာမကြာခဏရရှိနေသော်လည်း အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၄ ပွဲထိ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ပြီးခဲ့သည့် မေ ၁၉ ရက်က ကစားခဲ့သည့် နီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်၏ ဒုတိယပိုင်းတွင် ပေါင်ကြွက်သားဒဏ်ရာကြောင့်ထွက်ခွာခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာသက်သာလာခြင်းမရှိသောကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်ဟု နည်းပြလမ်းပတ်က ပြောကြားခဲ့သည်။

ထို့ပြင် ကွင်းလယ်ကစားသမား မေဆင်မောင့်သည်လည်းအမှတ်ပေးပြိုင်ပွဲတွင် ၂၄ ပွဲပါဝင်ကစားခဲ့ရာ၌ ပွဲ ၂၀ ထိ ပွဲထွက်ခွင့်ရရှိထားသူဖြစ်ကာ အသင်းအတွက် သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်၍ ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း တင်ပါးဆုံရိုးဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူရန် စောင့်ကြည့်ခံနေရသောကြောင့် ဘောလုံးရာသီကုန်ထိ လွဲချော်မည်ဟု နည်းပြလမ်းပတ်က ဆက်လက်ပြောကြားခဲ့သည်။

ယာယီနည်းပြ လမ်းပတ်က "လက်ရှိမှာအသင်းရဲ့အဓိက ကစားသမားတွေဖြစ်တဲ့ ရီစီဂျိမ်းနဲ့မေဆင်မောင့်တို့အနေနဲ့ ဘောလုံးရာသီအကုန်ထိအနားယူရမှာပါ။ သူတို့နှစ်ဦးစလုံး ချန်ပီယံလိဂ်ဒုတိယအကျော့မှာပါဝင်နိုင်ခဲ့ပေမဲ့ဒဏ်ရာပြဿနာနဲ့ကြုံခဲ့ရတာပါ။ရီစီဂျိမ်းကတော့ ဒဏ်ရာပြင်းထန်တာကြောင့် ရာသီကုန်ထိ အနားယူရမှာပါ။ မေဆင်မောင့်အနေနဲ့လက်ရှိဒဏ်ရာကိုအသေးစားခွဲစိတ်မှုပြုလုပ်ရမှာဖြစ်ပြီး ရက်သတ္တ လေးပတ်လောက် အနားယူရမှာဖြစ်ပါတယ်။ဒါကြောင့် သူတို့နှစ်ဦးစလုံးကို ရာသီကုန်ထိ လက်လွှတ်ရမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML


## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းက စိတ်ဝင်စားနေသည့် တောင်ပံကစားသမား ရာဖင်ဟာကိုရောင်းချရန် အစီအစဉ်မရှိကြောင်း ဘာစီလိုနာအသင်းနည်းပြ ဇာဗီက ပြောကြားခဲ့သည်။
- ပရီးမီးယားလိဂ် ၁၀ ပွဲဆက်ရှုံးပွဲမရှိခဲ့သည့် အေဗီလာအသင်းအနေဖြင့် ဖူလ်ဟမ်အသင်းကို အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးဇယား အဆင့်(၅)နေရာထိ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက နည်းပြပိုချက်တီနိုကို ယခုနှစ်ဘောလုံးရာသီကုန်ထိ နည်းပြသစ်အဖြစ်ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- လာမည့်အနာဂတ်ကာလတွင် ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်များကို အမေရိကန်နိုင်ငံတွင် ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း ယူအီးအက်ဖ်အေဥက္ကဋ္ဌ စီဖာရင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ML


# မက္ကဆီကိုအိုးပင်းပြိုင်ပွဲတွင် ချန်ပီယံဆုကို ကာကွယ်သွားမည်ဟု ရွန်ရမ်းပြောကြား

**မက်ဒရစ် မေ ၂၆**

စပိန်ဂေါက်သီးရိုက်ကစားသမား ရွန်ရမ်းသည် မက္ကဆီကိုနိုင်ငံ ချူဗိုဇယ်လက်တာတွင် ကျင်းပမည့် မက္ကဆီကိုအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ပြောကြားခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက္ကဆီကိုအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီ အမျိုးသားဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယမြောက် အဓိကပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်ကစားသမား ရွန်ရမ်းသည် Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီး ရက်သတ္တ သုံးပတ်အကြာတွင်ပြိုင်ပွဲ၌ပြန်လည်ပါဝင်လာခြင်းဖြစ်သည်။

ရွန်ရမ်းသည် ၂၀၂၂ ခုနှစ်က မက္ကဆီကိုအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဘရန်ဒန်ဝူ၊ တိုနီဖီနော့နှင့် ကီတာယာမာတို့ကို တစ်ချက်အသာဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားကြောင်း ရွန်ရမ်းက ပြောကြားခဲ့သည်။

ရွန်ရမ်းသည် 2023 Masters ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ပိုင်း ပြိုင်ပွဲများတွင်ပါဝင် ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ မက္ကဆီကိုအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။



ရွန်ရမ်းသည် မက္ကဆီကိုအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲအပေါ် အာရုံစိုက်နေခြင်းမှာ ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင်အောင်မြင်မှုများဖြင့် ၁၁ လကြာဝေးကွာခဲ့ရပြီး မက္ကဆီကိုအိုးပင်းတွင် အောင်မြင်မှုများဖြင့် ကာလရှည်ဝေးကွာခဲ့ရသည့်အခြေအနေကို ရပ်တန့်နိုင်ခဲ့ပြီး အောင်မြင်မှုလမ်းကြောင်းပေါ် ပြန်ရောက်လာစေသည့် ပြိုင်ပွဲဖြစ်နေခြင်းကြောင့်ဖြစ်သည်။

ရွန်ရမ်းသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင် ချန်ပီယံဆုဖလား လေးလုံးထိ ရရှိထားသည့်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၆- ၂၀၁၇ ခုနှစ်က အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်၏ တစ်ရာသီအတွင်း ဆုဖလားငါးလုံး ရယူနိုင်သည့်မှတ်တမ်းကို အမီလိုက်နိုင်ရန်အတွက်လည်း မက္ကဆီကိုအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲအပေါ် ပိုမိုအာရုံစိုက်ထားသည်ဟု ရွန်ရမ်းက ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ဂျူဗင်တပ်အသင်း ရမှတ် ၁၅ မှတ်လျှော့ပြစ်ဒဏ်မှကင်းလွတ်ခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရ



**ရောမ ဧပြီ ၂၆**

အီတလီ စီးရီးအေထိပ်သီး ဂျူဗင်တပ်အသင်းသည် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ရမှတ် ၁၅ မှတ်လျှော့ပြစ်ဒဏ်မှ အယူခံအောင်မြင်ခဲ့ပြီး လွတ်မြောက်ခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံရဖွယ်ရှိနေသည်ဟု Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် ကိုဗစ်-၁၉ကပ်ရောဂါကာလအတွင်း အသင်းဝင်ငွေများလျော့နည်းနေသည့်အချိန်တွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့် မညီစွန်းစေရန်အတွက် အသင်းမှကစားသမားများကို လုပ်ခလစာလျှော့ချနိုင်ခဲ့သည်ဟု စာရင်းအတုများပြုလုပ်ကာ အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်ဥရောပဘောလုံးအဖွဲ့ချုပ်တို့ထံ တင်ပြခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်း အနေဖြင့် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပ ဘောလုံးအဖွဲ့ချုပ်တို့ထံ စာရင်းအတုများပြုလုပ်ကာတင်ပြခဲ့သော်လည်း ကစားသမားများကို လုပ်ခလစာလျှော့ချနိုင်ခြင်းမရှိခဲ့ဘဲ အပြည့်အဝပေးချေခဲ့ရခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်း အနေဖြင့် စာရင်းအတုများပြုလုပ်ကာတင်ပြခဲ့သည့်အတွက် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ရမှတ် ၁၅မှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း အယူခံတင်သွင်းခဲ့ရာတွင် အောင်မြင်မှုရရှိခဲ့သည့်အတွက် ရမှတ်လျှော့ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ဥရောပဘောလုံးအဖွဲ့ချုပ်က ဂျူဗင်တပ်အသင်း၏စာရင်းအတုတင်ပြမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကာ ပြစ်မှုထင်ရှားမည်ဆိုပါက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ဖွယ်ရှိနေကြောင်း သိရသည်။

STA

# Mutua Madrid Open ပြိုင်ပွဲမှ ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာ နုတ်ထွက်

**မက်ဒရစ် ဧပြီ ၂၆**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပမည့် MutuaMadrid Open တင်းနစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် အသင့်မဖြစ်သေးသည့်အတွက်ပြိုင်ပွဲမှနုတ်ထွက်ခဲ့ကြောင်း ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာက ကြေညာခဲ့သည်ဟု Tennis World USA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့ဖူးသည့် ပလစ်ချ်ကိုဗာသည် မကြာသေးမီက ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပခဲ့သော စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၌ ဒူးဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် Mutua Madrid Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပလစ်ချ်ကိုဗာက ပြောကြားခဲ့သည်။

ပလစ်ချ်ကိုဗာသည် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သော်လည်း လက်ရှိကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်ကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး ယင်းပွဲစဉ်၌ပင်ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် ဆေးကုသမှုခံယူရလျက်ရှိနေသည်။

ပလစ်ချ်ကိုဗာက "စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ရရှိခဲ့တဲ့ ဒူးဒဏ်ရာကြောင့် ဆေးကုသမှုခံယူနေရပါတယ်။ ဒဏ်ရာကြောင့် Mutua Madrid Openတင်းနစ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်နိုင်မှာမဟုတ်ကြောင်းကို ဝမ်းနည်းစွာနဲ့ပရိသတ်တွေကို အသိပေးအပ်ပါတယ်။ ဒူးဒဏ်ရာဖြစ်တဲ့အတွက် ဆေးကုသမှုပြုလုပ်ရာမှာအချိန်ယူရမှာဖြစ်တဲ့အတွက် ကာလတစ်ခုအထိတော့ အနားယူရမှာပါ။ ကျွန်မအနေနဲ့ ရိုးမားမြို့မှာကျင်းပမဲ့ အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲအမီပြန်ကစားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မကိုအားပေးနေကြတဲ့ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။ မကြာခင် ပြန်လည်ဆုံတွေ့နိုင်မယ်လို့မျှော်လင့်ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL



# မန်ယူအသင်းက ဒိုင်နမိုဇာဂရက်အသင်းမှ ဂိုးသမား လီဗာနိုဗစ်ကို စာချုပ်ဖျက်သိမ်းကြေးပေး၍ ခေါ်ယူမည်ဟုဆို

**မန်ချက်စတာ ဧပြီ ၂၆**

မန်ယူအသင်းက ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်အသင်းမှ ဂိုးသမား လီဗာနိုဗစ်ကို စာချုပ်ဖျက်သိမ်းကြေးပေးကာ ခေါ်ယူသွားမည်ဖြစ်ကြောင်း မန်ချက်စတာ ညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိမန်ယူအသင်းဂိုးသမားနေရာတွင် ဦးစားပေးဂိုးသမားအဖြစ် ဒီဂီယာရှိနေပြီး အခြားဂိုးသမားများအဖြစ် နော်တင်ဟမ်အသင်းတွင် အငှားစာချုပ်ဖြင့် ကစားနေသည့် ဟန်ဒါဆန်နှင့်ပဲလေ့စ်အသင်းမှ ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ဘက်လန်းနှင့် တွမ်ဟီတန်တို့ရှိနေသော်လည်း ဘက်လန်းအနေဖြင့် စာချုပ်ကုန်ဆုံးပါက ပဲလေ့စ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့မည်ဖြစ်ပြီး ဟန်ဒါဆန်ကလည်း နော်တင်ဟမ်အသင်းထံ အပြီးသတ်ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည့်အတွက် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ၌ ဂိုးသမားတစ်ဦးကိုပါခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိ ဂိုးသမား ဒီဂီယာနှင့် မန်ယူအသင်းတို့စာချုပ်သက်တမ်းမှာလည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိအချိန်ထိစာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ စာချုပ်သစ်ချုပ်ဆိုရန် လုပ်ခလစာညှိနှိုင်းလျက်ရှိနေပြီး အဆင်မပြေခဲ့ဘဲ လက်လွတ်ရပါက လီဗာနိုဗစ်ကို ဦးစားပေးဂိုးသမားအဖြစ် အသုံးပြုသွားဖွယ်ရှိနေသည်။

ဂိုးသမား လီဗာနိုဗစ်သည် ပြီးခဲ့သည့် ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခရိုအေးရှားအသင်းနှင့်လက်စွမ်းပြသနိုင်ခဲ့သည့်အတွက် မန်ယူအသင်းက ပစ်မှတ်ထားနေကြောင်း သိရသည်။

STA

# လီအန်စမစ်နှင့် ခရစ်အူဘန့်တို့ မကျေပွဲပြန်လည်ထိုးသတ်မည်ဟု ထုတ်ပြန်

**မန်ချက်စတာ ဧပြီ ၂၆**

WBA ယာယီမစ်ဒယ်ဝိတ်တန်းချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား ခရစ်အူဘန့်သည် WBO Inter-Continentalလိုက်မစ်ဒယ်ဝိတ်တန်းချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား လီအန်စမစ်နှင့် ဇွန် ၂၃ ရက်တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့၌ ထိုးသတ်သွားမည်ဟု ခရစ်အူဘန့်က အတည်ပြုထုတ်ပြန်ခဲ့ကြောင်း Sky Sportsသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခရစ်အူဘန့်နှင့်လီအန်စမစ်တို့သည် ယခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့၌ ထိုးသတ်ခဲ့ရာ လီအန်စမစ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမတွေ့ဆုံခဲ့စဉ်ကဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည့်အခြေအနေကို မကျေမနပ်ခဲ့သည့်အတွက် ခရစ်အူဘန့်က စာချုပ်ပါသဘောတူညီချက်အတိုင်း မကျေပွဲထိုးသတ်ခွင့်ကိုအသုံးပြုကာ ပြန်လည်စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

လီအန်စမစ်ကလည်းစာချုပ်ပါသဘောတူညီချက်ရှိနေသည့်အတွက် ခရစ်အူဘန့်၏ စိန်ခေါ်မှုကိုလက်ခံခဲ့ပြီး စိန်ခေါ်ပွဲထိုးသတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ခရစ်အူဘန့်က လီအန်စမစ်နှင့်ထိုးသတ်မည့်မကျေပွဲစဉ်အတွက် ပြင်ဆင်ထားပြီး ပထမတွေ့ဆုံခဲ့စဉ်က လီအန်စမစ်အနေဖြင့် ၎င်းဘဝအတွက် ဂုဏ်ယူစရာအကောင်းဆုံးအခိုက်အတန့်ကို ဖြတ်သန်းနိုင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ခရစ်အူဘန့်က "ပြီးခဲ့တဲ့ ဇန်နဝါရီလတုန်းက လီအန်စမစ်က ကျွန်တော့်ကိုအနိုင်ရပြီးတော့ သူ့ဘဝအတွက် ဂုဏ်ယူစရာအကောင်းဆုံးအခိုက်အတန့်တစ်ခုကိုဖြတ်သန်းခွင့်ရခဲ့ပါတယ်။လီအန်စမစ်အနေနဲ့ အခု ဒုတိယအကြိမ်စိန်ခေါ်ပွဲမှာ ပထမတစ်ကြိမ်ကလိုလုပ်ပြနိုင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ဒုတိယအကြိမ်မှာ ထပ်ပြီးအနိုင်ယူနိုင်ရင်တော့ သူဟာကျွန်တော့်ထက် အစစအရာရာသာလွန်နေတဲ့သူပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ရီးရဲလ်မက်ဒရစ်ကိုလေးဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် ဂျီရိုနာအသင်းတိုက်စစ်မှူး ကက်စ်တယ်လာနော့မှတ်တမ်းဝင်



**မက်ဒရစ် ဧပြီ ၂၆**

ဂျီရိုနာအသင်း တိုက်စစ်ကစားသမား ကက်စ်တယ်လာနော့သည် ရီးရဲလ်မက်ဒရစ်အသင်းကို တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်လာလီဂါပွဲစဉ်(၃၁)အဖြစ် ကစားခဲ့သည့် ဂျီရိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် ဂျီရိုနာအသင်းက အိမ်ကွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဂျီရိုနာအသင်းအတွက် အနိုင်ဂိုးများကို ကက်စ်တယ်လာနော့က ပွဲချိန် ၁၂မိနစ်၊ ၂၄မိနစ်၊ ၄၆မိနစ်နှင့် ၆၂မိနစ်တို့တွင် သွင်းယူနိုင်ခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းကို တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် အသင်းကို စတင်တည်ထောင်ချိန်မှစတင်ပြီး ကစားသမားတစ်ဦးတည်းက တစ်ပွဲတည်း လေးဂိုးသွင်းခဲ့ခြင်းမရှိခဲ့ဘဲ ယခုအခါမှသာ ကက်စ်တယ်လာနော့က ပထမဆုံး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ရှုန်းကန်နေရပြီး ဂျီရိုနာအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ပွဲစဉ်(၃၁)အပြီးတွင် ဘာစီလိုနာအသင်းထက် တစ်ပွဲပိုကစားထားပြီး ရမှတ် ၆၅မှတ်ဖြင့် အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နေကာ ရမှတ် ၁၁ မှတ်ထိကွာဟနေကြောင်း သိရသည်။ STA

# အမေရိကန်-ဗီယက်နမ် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအလားအလာ

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ငုယင်ဖူထရောင်တို့ကြား နှစ်နာရီကြာ ဖုန်းဆက်သွယ်ပြောဆိုမှုအပြီး ရက်သတ္တနှစ်ပတ်အကြာတွင် ထွက်ပေါ်လာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၏ ဧပြီလ ၁၄ ရက်မှ ၁၆ ရက်ထိ ဗီယက်နမ်ခရီးစဉ်သည် အမေရိကန်-ဗီယက်နမ်ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းရေးအတွက် ရည်ရွယ်ထားသည့် သိသာထင်ရှားသော လှုပ်ရှားမှုတစ်ရပ်ပင်ဖြစ်သည်။

ဘလင်ကန်နှင့် ထရောင်တို့သည် လွန်ခဲ့သော ဆယ်စုနှစ်တွင် ပြီးပြည့်စုံသောမိတ်ဖက်ဆက်ဆံရေး ထူထောင်ကတည်းက နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာမှုကို အလေးထားပြောကြားခဲ့ပြီး ပိုမိုနက်ရှိုင်းသောဆက်ဆံရေး ထူထောင်ရေးအတွက် လိုအပ်ချက်များကိုလည်း ထပ်လောင်းပြောကြားသွားခဲ့သည်။ ဘလင်ကန်သည် စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဝန်ကြီးချုပ် ဖန်မင်ချင်းကို တိုက်တွန်းပြောကြားခဲ့ပြီး အမေရိကန်သို့ အဆင့်မြင့်ခရီးစဉ်လာရောက်လည်ပတ်နိုင်ရေး ဘိုင်ဒင်၏ ဖိတ်ကြားချက်သတင်းစကားကို အသိပေးပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် ဒုတိယခြောက်လပတ်အတွင်း ဗီယက်နမ်ဝန်ကြီးချုပ်၏ အမေရိကန်ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက်အဆင့်သို့ တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

လွန်ခဲ့သောဆယ်စုနှစ်အတွင်း အမေရိကန်-ဗီယက်နမ်ဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လာလျက်ရှိပြီး စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများသည် နှစ်နိုင်ငံဆက်ဆံရေး၏ ခိုင်မာသောအခြေခံအုတ်မြစ်များပင်ဖြစ်သည်။ ၂၀၀၂ ခုနှစ်ကတည်းက အမေရိကန်သည် ဗီယက်နမ်၏ ထိပ်တန်းပို့ကုန်တင်ပို့ရာ ဈေးကွက်ဖြစ်လျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် သိသိသာသာတိုးတက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်လွန်မည်ဟု မျှော်မှန်းထားရှိသည်။ အမေရိကန်ကုမ္ပဏီ ၅၀ မှ ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများရှာဖွေရေးအတွက် မတ်လအတွင်းက ဗီယက်နမ်သို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အလားအလာကောင်းမွန်လာလျက်ရှိသည်။

စီးပွားရေးလောကတွင် အောင်မြင်မှုများရရှိခဲ့သော်လည်း ဗီယက်နမ်သည် အမေရိကန်နှင့် မဟာဗျူဟာမြောက်ဆက်ဆံရေး ထူထောင်ရေးအတွက် လက်ရှိအချိန်ထိ သတိထားဆောင်ရွက်လျက်ရှိသည်။ လေ့လာသုံးသပ်သူများကမူ ဗီယက်နမ်အနေဖြင့် တရုတ်နိုင်ငံ၏ လက်တုံ့ပြန်လာနိုင်မှုအပေါ် စိုးရိမ်ပူပန်နေခြင်းဖြစ်ကြောင်း ပြောဆိုလျက်ရှိသော်လည်း ဗီယက်နမ်၏ စဉ်းစားသုံးသပ်ချက်သည် တရုတ်၏ လက်တုံ့ပြန်ဆောင်ရွက်မှုများထက် ပိုမိုစိုးရိမ်ပူပန်နေရလျက်ရှိသည်။ အမှန်တော့ ဗီယက်နမ်အနေဖြင့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်သွားမည်ဆိုလျှင် ပြည်တွင်းရေး၌ အမေရိကန်က ဝင်ရောက်စွက်ဖက်မှုများလုပ်ဆောင်လာမည်ကိုစိုးရိမ်ပူပန်နေခြင်းပင်ဖြစ်သည်။ ဗီယက်နမ်၏ အဓိကရည်မှန်းချက်များမှာ မဟာဗျူဟာမြောက် လုပ်ပိုင်ခွင့်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ဗီယက်နမ်ကွန်မြူနစ်ပါတီ(CPV)၏ စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းသွားရန်ပင်ဖြစ်သည်။ မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့်နှင့် ကွန်မြူနစ်အစိုးရ၏လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရာတွင် ဗီယက်နမ်သည် ပြည်တွင်းရေးတွင် ပြည်ပတပ်ဖွဲ့များ၏ ဝင်ရောက်စွက်ဖက်မှုများကို အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။

သတင်းလွတ်လပ်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးတို့အပေါ် အမေရိကန်၏ အလေးထားဆောင်ရွက်မှုကို ဗီယက်နမ်က ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မှုနှင့် ဗီယက်နမ်၏ နိုင်ငံရေးဆိုင်ရာလုံခြုံမှုအပေါ် အလားအလာရှိသည့်ခြိမ်းခြောက်မှုအဖြစ် ရှုမြင်လျက်ရှိသည်။ ဗီယက်နမ်က ၎င်းတို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ဆန္ဒရှိ



ကြောင်း၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ အပြန်အလှန်လေးစားရေး၊ သာတူညီမျှနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေးတို့ကို တိကျစွာ လိုက်နာအကောင်အထည်ဖော်လျက်ရှိကြောင်း ဖော်ပြထားသည်။

သို့သော် ဗီယက်နမ်အနေဖြင့် ဘာသာရေးဆိုင်ရာ လွတ်လပ်မှုအပေါ် ပြောင်ပြောင်တင်းတင်းချိုးဖောက်ခဲ့သဖြင့် အထူးစောင့်ကြည့်စာရင်းတွင် ထည့်သွင်းထားကြောင်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဘလင်ကန်က ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် ၎င်း၏ ဗီယက်နမ်ခရီးစဉ်တစ်စိတ်တစ်ဒေသအနေဖြင့် ဘလင်ကန်သည် ဘာသာရေးဆိုင်ရာလွတ်လပ်ခွင့် ရှိ၊ မရှိ အတည်ပြုနိုင်ရေးအတွက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့သွားရောက်ခဲ့သည်။ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ရေးနှင့်စပ်လျဉ်း၍ ဗီယက်နမ်၏ အခြေခံသတ်မှတ်ချက်များမှာ ၎င်း၏လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အမေရိကန်၏ လုပ်ဆောင်ချက်များသည် ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်နေခြင်းဖြစ်သည်ဟု ဗီယက်နမ်က ရှုမြင်ထားသည်။

လူ့အခွင့်အရေးကို နိုင်ငံခြားရေးမူဝါဒ၌ ရှေ့တန်းကျကျထည့်သွင်းထားသည့် ဘိုင်ဒင်အစိုးရအဖွဲ့သည် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်နိုင်ရေးအတွက် ဗီယက်နမ်၏ လူ့အခွင့်အရေးမှတ်တမ်းများကို ချန်လှပ်သွားလိုသောဆန္ဒကို လှစ်ဟဖော်ပြခြင်းမရှိပေ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဘလင်ကန်၏ ဗီယက်နမ်ခရီးစဉ်မတိုင်မီ ဗီယက်နမ်နိုင်ငံရေးတက်ကြွလှုပ်ရှားသူနှင့် သတင်းစာဆရာ ငုယင်လန်သန်ကို ဖြစ်ဒဏ်ချမှတ်မှုအပေါ် ပြစ်တင်ဝေဖန်ထားသည့် ထုတ်ပြန်ကြေညာချက်တစ်စောင်ကို လူမှုကွန်ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်စဉ် လူ့အခွင့်အရေးအစီရင်ခံစာ၌ ဗီယက်နမ်နိုင်ငံကို နိုင်ငံရေးအကျဉ်းသား ငုယင်ဖုန်ဟွန်နှင့်အခြားအကျဉ်းသားသုံးဦး ရုတ်တရက်သေဆုံးမှုအတွက် နိုင်ငံရေးအရ တရားမဝင်သတ်ဖြတ်မှုနိုင်ငံများစာရင်းတွင် ထည့်သွင်းထားရှိသည်။ ဘိုင်ဒင်သည် မတ်လအတွင်းက ငုယင်ဖူထရောင်နှင့်ဖုန်းပြောစဉ်ကလည်း အမေရိကန်၏ လူ့အခွင့်အရေးလေးစားမှုကို ပြောကြားခဲ့ပြီး အဆိုပါသဘောထားသည် ဗီယက်နမ်အပေါ်ထားရှိသည့် အမေရိကန်၏မူဝါဒတွင်အရေးပါသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေဖွယ်ရာရှိနေသည်။

အမေရိကန်နှင့် ဆက်ဆံရေးအဆင့်မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ဗီယက်နမ်၏တွက်ချက်မှုသည် အမေရိကန်အနေဖြင့် ၎င်း၏မဟာမိတ်များနှင့်မဟာဗျူဟာမြောက်မိတ်ဖက်များအပေါ် မည်သို့မည်ပုံဆက်ဆံပြုမူသွားသလဲဆိုသောအချက်အလက်များကို အခြေခံ၍ စဉ်းစားသွားဖွယ်ရာရှိသည်။ အမေရိကန်သည် ရုရှားနှင့် ကိုယ်စားစစ်ပွဲဆင်နွှဲရာတွင် ယူကရိန်းနိုင်ငံ၏ ရှေ့တန်းခံစစ်လိုင်းအဖြစ်အသုံးပြုနိုင်ရန် ဥရောပရှိ NATO မိတ်ဖက်နိုင်ငံများထံမှ အကူအညီများရယူခဲ့သည်။ အကျိုးဆက်အနေဖြင့် အမေရိကန်သည်ဥရောပသို့ သဘာဝဓာတ်ငွေ့အရည်နှင့် စစ်လက်နက်ပစ္စည်းများရောင်းချခြင်းမှ အကျိုးအမြတ်များစွာရရှိလျက်ရှိသည်။ ထို့ပြင် ယူကရိန်းစစ်ဘက်အနေဖြင့် တဖြည်းဖြည်းအင်အားချည့်နဲ့လာသလို ဥရောပရှိမိတ်ဖက်နိုင်ငံများ၏ စီးပွားရေးမှာလည်း ယူကရိန်းအရေးကြောင့် တဖြည်းဖြည်းကျဆင်းလာလျက်ရှိသည်။ ထို့ကြောင့် ဗီယက်နမ်အနေဖြင့်လည်း အမေရိကန်၏ တရုတ်အပေါ် ထိန်းချုပ်ရေးအစီအစဉ်တွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ပတ်သက်လာရနိုင်မှုအခြေအနေအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။

တရုတ်နိုင်ငံအင်အားချည့်နဲ့ရေးအတွက် မဟာမိတ်များအပေါ်အသုံးချသည့် အမေရိကန်၏မဟာဗျူဟာနှင့်စပ်လျဉ်း၍ တရုတ်(တိုင်ပေ)အရေးက ဗီယက်နမ်ကို အသိပေးလျက်ရှိသည်။ သာဓကအနေဖြင့် ယခင် အမေရိကန်အောက်လွှတ်တော်အမတ်ဟောင်း နန်စီပယ်လိုစီ၏ တရုတ်(တိုင်ပေ)ခရီးစဉ်သည် တရုတ်နိုင်ငံမှတရုတ်(တိုင်ပေ)အပေါ်ပိတ်ဆို့မှုများစွာကိုသာ ပိုမိုဖြစ်ပေါ်လာစေခဲ့သည်။ သို့သော် နန်စီပယ်လိုစီ၏ခရီးစဉ်သည် အမေရိကန်-တရုတ် စီးပွားရေးဆိုင်ရာဆက်ဆံရေးအပေါ်သက်ရောက်မှု အနည်းငယ်သာဖြစ်ပေါ်စေခဲ့သည်။

လုံခြုံရေးဆိုင်ရာအန္တရာယ်များသည် အမေရိကန်၏ မဟာဗျူဟာမြောက်မိတ်ဖက်များအတွက် မီးခဲပြာဖုံးပင်ဖြစ်သည်။ ဘိုင်ဒင်အစိုးရ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင်ပါဝင်သည့် နိုင်ငံအများစုသည် တရုတ်နိုင်ငံနှင့်နီးစပ်သလို တောင်တရုတ်ပင်လယ်တွင်လည်း ဆက်စပ်တည်ရှိလျက်ရှိသည်။ သာဓကအနေဖြင့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မွန်ဂိုလီးယား၊ နယူးဇီလန်နှင့် ပါပူဝါနယူးဂီနီနိုင်ငံတို့သည် အမေရိကန်နှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်ထားရှိသည်။ အဆိုပါနိုင်ငံများအနေဖြင့် အမေရိကန်နှင့် စစ်ရေးဆိုင်ရာသဘောတူညီချက်များ လက်မှတ်ရေးထိုးရန်ဆွေးနွေးလျက်ရှိကြသည်။ မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများတွင် စစ်ဝါဒသွတ်သွင်းမည့် အမေရိကန်၏ကြိုးပမ်းမှုများသည် ဗီယက်နမ်ကို တရုတ်၏ တုံ့ပြန်မှုများနှင့် ရင်ဆိုင်သွားရစေဖွယ်ရှိနေသည်။

အမေရိကန်နှင့် ဆက်ဆံရေးတိုးမြှင့်သွားမလားဆိုသော ဗီယက်နမ်၏ဆုံးဖြတ်ချက်သည် တရုတ်နိုင်ငံ၏ တုံ့ပြန်မှုအပြင် အမေရိကန်အနေဖြင့် ဗီယက်နမ်၏ အချုပ်အခြာအာဏာအပေါ် လေးစားတန်ဖိုးထားမှုနှင့် သာတူညီမျှပူးပေါင်းဆောင်ရွက်မှုအပေါ်တွင်လည်း မူတည်လျက်ရှိသည်။ ငုယင်ဖူထရောင်သည် ဘလင်ကန်နှင့်တွေ့ဆုံစဉ် ဗီယက်နမ်အနေဖြင့် အမေရိကန်-ဗီယက်နမ်ဆက်ဆံရေးကို တိုးမြှင့်သွားရန်ဆန္ဒရှိနေကြောင်း ပြောကြားသွားခဲ့သည်။

ဗီယက်နမ်အနေဖြင့် အမေရိကန်နှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ထူထောင်ခြင်းကို တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်နိုင်ငံ၏စစ်ရေးလှုပ်ရှားမှုများကို ဟန့်တားနိုင်ပြီး အမေရိကန်၏ နောက်ဆုံးပေါ်စစ်လက်နက်ပစ္စည်းများ ဝယ်ယူရရှိနိုင်မည့်အကျိုးအမြတ်များရရှိနိုင်မှုကို ကြိုတင်တွက်ချက်ထားရှိသည်။ ထို့ပြင် ဗီယက်နမ်အနေဖြင့် ထိုသို့အမေရိကန်နှင့်ဆက်ဆံရေးအဆင့်မြှင့်တင်ခြင်းသည် တရုတ်နိုင်ငံကို ဒေါသူပုန်ထစေပြီး အိမ်နီးချင်းအင်အားကြီးနိုင်ငံထံမှ တုံ့ပြန်မှုများလုပ်ဆောင်လာမှုမရှိစေရေးအတွက် စဉ်းစားတွက်ချက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အိမ်နီးချင်းနိုင်ငံ ဒေါသူပုန်ထလာမည်ဆိုလျှင် နိုင်ငံနယ်စပ်တွင် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများလုပ်ဆောင်ရာ၌အကျပ်အတည်းဖြစ်လာမည့်အပြင် တောင်တရုတ်ပင်လယ်ပြင်ရှိ အငြင်းပွားနေရာများတွင် နိုင်ထက်စီးနင်းလှုပ်ရှားမှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

ဗီယက်နမ်အနေဖြင့် အမေရိကန်နှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ခဲ့သည်ဆိုလျှင် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအရ တရုတ်နိုင်ငံကို ထိန်းချုပ်သွားလိုသည့် ဆက်ဆံရေးပုံစံထက် အမေရိကန်-ဗီယက်နမ်ဆက်ဆံရေး ပုံမှန်တိုးတက်မှုအဖြစ်သာ ပုံဖော်သွားလိုသည့်သဘောထားရှိနေသည်။ အမေရိကန်-တရုတ် မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုများမြင့်တက်နေသည့်ကြားတွင် ဗီယက်နမ်အနေဖြင့် တရုတ်သို့မဟုတ် အမေရိကန်ဘက်သို့ လုံးလုံးလျားလျားတိမ်းညွတ်သည်ထက် အင်အားပါဝါဟန်ချက်ထိန်းညှိရင်း နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံပေါင်းစုံပါဝင်သောမူဝါဒကိုသာ ဆက်လက်စွဲကိုင်သွားဖွယ်ရာရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

**Is a US-Vietnam Strategic Partnership Likely to Happen Soon? by The Diplomat.**

**မောင်စိန်အိ (နဘဲမြေ)**

# ပုဏ္ဏားကျွန်းမြို့နယ်တွင် မြိုတိုင်းရင်းသားတို့၏ အမျိုးသားနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ




**ပုဏ္ဏားကျွန်း ဧပြီ ၂၆**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် မြိုတိုင်းရင်းသားတို့၏ (၇) ကြိမ်မြောက် အမျိုးသားနေ့ကို ဧပြီ ၂၅ ရက်မှ ယနေ့ထိ ပုဏ္ဏားကျွန်းမြို့နယ် ကံသစ်ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း မြိုတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးဦးသိန်းမောင်က ပြောပြ၍ သိရသည်။

"နှစ်စဉ် ဧပြီ ၂၅ ရက် (ကဆုန်လဆန်း ၇ ရက်)ကို မြိုအမျိုးသားနေ့အဖြစ် မြိုတိုင်းရင်းသားတွေက သတ်မှတ်ပြီးတော့ နှစ်စဉ် မြိုအမျိုးသားနေ့အခမ်းအနားတွေကို ကျင်းပနေတာဖြစ်ပါတယ်။ ပထမနေ့မှာ ဆရာတော်၊ သံဃာတော်တွေက ပရိတ်ရွတ်ဖတ်ပူဇော်ခြင်း အစီအစဉ်နဲ့ စတင်ပါတယ်။ မြိုအမျိုးသားနေ့အကြောင်း ဟောပြောခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပါတယ်။ ဒုတိယနေ့မှာတော့ ရခိုင်၊ ဒိုင်းနက် ခေါ် သက္ကမ၊ မြိုနှင့် ခမီစတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာအကတွေ ကပြဖျော်ဖြေတာ၊ တိုင်းရင်းသားအစားအစာတွေနဲ့ ဧည့်ခံကျွေးမွေးတာ ဖြစ်ပါတယ်"ဟု ဦးဦးသိန်းမောင်က ပြောပြသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်များဖြစ်သော သက်၊ ခမီ၊ မြို၊ ဒိုင်းနက် ခေါ် သက္ကမ၊ ကမန်လူမျိုးများနှင့် ချင်းတိုင်းရင်းသားများက တက်ရောက်အားပေးချီးမြှင့်ကြသည်။

မြိုအမျိုးသားနေ့အခမ်းအနားကို ၂၀၂၂ ခုနှစ်က မောင်တောမြို့နယ်၊ သာစည်ကျေးရွာ၊ ၃ မိုင်ဘုန်းတော်ကြီးကျောင်းတိုက်တွင် ကျင်းပခဲ့ကြောင်း၊ မြိုတိုင်းရင်းသားများသည် ရခိုင်ပြည်နယ်ရှိ မောင်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့နယ်တို့တွင် နေထိုင်ကြပြီး စုစုပေါင်းဦးရေ ၄၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ ASH

# ဗြိတိန်ရုပ်ရှင်ဒါရိုက်တာ ကန်းလော့ ရုပ်ရှင်လောကမှ အနားယူမည်

**လန်ဒန် ဧပြီ ၂၆**

ကမ္ဘာကျော် ဗြိတိသျှရုပ်ရှင်ဒါရိုက်တာ ကန်းလော့သည် ရုပ်ရှင်လောကမှ အနားယူမည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဧပြီ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

လာမည့်ဇွန်လတွင် အသက် ၈၇ နှစ်ပြည့်တော့မည့် ဒါရိုက်တာ ကန်းလော့သည် ရုပ်ရှင်လောကမှ အနားယူမည့်အစီအစဉ်ကို Hollywood Reporter သတင်းဝက်ဘ်ဆိုက်နှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ ကန်းလော့သည် The Old Oak အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပြီးနောက် ရုပ်ရှင်လောကမှ အနားယူမည့်အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

The Old Oak ဇာတ်ကားကို ပြင်သစ်နိုင်ငံ၌ကျင်းပမည့် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက် ရုံတင်ပြသမည်ဖြစ်သည်။

The Old Oak ဇာတ်ကားသည် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့သော ဒါရိုက်တာ ကန်းလော့၏ ၁၅ ကားမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ကန်းလော့သည် ၂၀၁၄ ခုနှစ်ကလည်း Jimmy's Hall အမည်ရှိ ရုပ်ရှင်ဇာတ်ကားရိုက်ကူးပြီးနောက် ရုပ်ရှင်လောကမှ အနားယူမည်ဖြစ်သည်ဟု ကြေညာခဲ့ဖူးကြောင်း သိရသည်။

KKO



# ကမာရွတ်မြို့နယ် Times City Complex, Jewellery Mall တွင် ပန်းချီဆရာ၊ ဆရာမဦးရေ ၅၀ ၏ ပန်းချီအနုပညာပြပွဲများ ပြသသွားမည်

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Times City Complex, Jewellery Mall တွင် ပန်းချီဆရာ၊ ဆရာမဦးရေ ၅၀ ၏ ပန်းချီလက်ရာများပါဝင်မည့် ပန်းချီအနုပညာပြပွဲများကို ဧပြီ ၂၈ ရက်မှ မေ ၁ ရက်ထိ တစ်ပြိုင်တည်းပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီအနုပညာပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီဆရာတစ်ဦးဖြစ်သူ ပန်းချီ မင်းဇော်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းချီအနုပညာပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအခြေစိုက် ပန်းချီပြခန်းများဖြစ်သည့် Sarga Art Gallery၊ Green Plant Art Gallery၊ Vision Art Gallery၊ Orient Art Gallery၊ မြန်မာ့ရန် Art Gallery၊ Authenique Art Gallery၊ Win Art Gallery၊ Zarli New Art Gallery၊ White Rose Art Gallery၊ Blank Face Art Gallery၊ U Nay Htun Art Gallery၊ Artistic Space Art Gallery၊ Su Yee Win Art Gallery၊ Shin Ma Taung Art Gallery အပါအဝင် စသည့် ပန်းချီပြခန်း ၃၅ ခန်းမှ



ပန်းချီဆရာ၊ ဆရာမဦးရေ ၅၀ ၏ လက်ရာမွန်များကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"Times City Complex, Jewellery Mall ရဲ့ Level 3 နဲ့ Level 4 မှာ ပြခန်းပေါင်း ၃၅ ခန်းမှာ ပန်းချီကားတွေကို ပြသမှာဖြစ်ပါတယ်။ ပန်းချီဆရာတွေလဲ အစုံအလင်ဆုံးလို့ ပြောလို့ရပါတယ်။ ကျွန်တော့်ပန်းချီကားတွေကတော့ Level 3 က ပြခန်းနံပါတ် A 332 မှာ ပြသမှာဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ပန်းချီ ဝင်းတင်၊ ပန်းချီအေးမင်း၊ ပန်းချီ မင်းမဟော်၊ ပန်းချီ နေဆန်း၊ ပန်းချီ ရွှေသိန်း၊ ပန်းချီမြတ်ကို၊ ပန်းချီ ကျော်ညွန့်လင်းရဲ့ ပန်းချီကားတွေ ပါဝင်မှာဖြစ်ပါတယ်"ဟု ပန်းချီ မင်းဇော်က ပြောပြ၍ သိရသည်။ ASH

# The Ministry of Ungentlemanly Warfare ရိုက်ကူးရေးပြီးဆုံး


**နယူးယောက် ဧပြီ ၂၆**

The Ministry of Ungentlemanly Warfare အမည်ရှိ သူလျှိုဇာတ်ကားရိုက်ကူးရေးလုပ်ငန်းမှာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဧပြီ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

The Ministry of Ungentlemanly Warfare ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးမှုကို မင်းသား ဟင်နရီကာဗေးက အင်စတာဂရမ် စာမျက်နှာ၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိန်ဝန်ကြီးချုပ်ချာချီနှင့် ဂျိမ်းစဘွန်းစာရေးဆရာ အီယန်ဖလမ်းမင်းတို့ ဖွဲ့စည်းခဲ့သော တိုက်ပွဲဝင်အထူးတပ်ဖွဲ့တစ်ဖွဲ့အကြောင်း ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် The Ministry of Ungentlemanly Warfare ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂိုင်းရစ်ချီက ရိုက်ကူးပေးထားပြီး မင်းသား ဟင်နရီကာဗေးက အဓိကနေရာ၌ ပါဝင်ထားကြောင်း သိရသည်။ KKO






# သရုပ်ဆောင် နေဆန်းမိသားစုက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နန္ဒိယရာမမိုးကုတ်ဓမ္မရိပ်သာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် သံဃာတော်များအားဆွမ်းကပ်ပြီး အလှူငွေလှူဒါန်း

**ရန်ကုန် ဧပြီ ၂၆**

သရုပ်ဆောင် နေဆန်းမိသားစုက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နန္ဒိယရာမမိုးကုတ်ဓမ္မရိပ်သာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် သံဃာတော်များအား ဆွမ်းကပ်လှူပြီး အလှူငွေများ လှူဒါန်းခြင်းကို ဧပြီ ၂၅ ရက်က ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါအလှူကို ကွယ်လွန်သူမိခင်ကြီး ဒေါ်မေမေအုံးအတွက် ရည်စူးအလှူအဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နန္ဒိယရာမမိုးကုတ်ဓမ္မရိပ်သာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပဋ္ဌာန်းသိမ်းပွဲနေ့တွင် သံဃာတော် ၂၅ ပါးအား ထောပတ်ထမင်းနဲ့ ကြက်သားဟင်းကပ်လှူကာ သံဃာတော်တစ်ပါးလျှင် နဝကမ္မအလှူငွေကျပ် ၃၀၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၇၅၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကွယ်လွန်သူမိခင်ကြီး ဒေါ်မေမေအုံးအတွက် ရည်စူးပြီးတော့ နန္ဒိယရာမမိုးကုတ်ဓမ္မရိပ်သာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲမှာ ဖွင့်ပွဲနေ့ကလဲ သံဃာတော် ၂၅ ပါးကို မုန့်ဟင်းခါးဆွမ်းကပ်လှူခဲ့ပါတယ်။ ပဋ္ဌာန်းသိမ်းပွဲနေ့မှာတော့ ထောပတ်ထမင်းနဲ့ ကြက်သားဟင်းကပ်လှူပြီးတော့ အလှူငွေစုစုပေါင်း ငွေကျပ် ၇၅၀၀၀၀ လှူဒါန်းခဲ့ပါတယ်။ နှစ်ရက်ပေါင်း ဆွမ်းအလှူနဲ့ဆိုရင် ခန့်မှန်းငွေကတော့ ငွေကျပ် ၁၅ သိန်းလောက်ဖြစ်ပါတယ်"ဟု သရုပ်ဆောင် နေဆန်းက ပြောပြသည်။

သရုပ်ဆောင် နေဆန်းမိသားစုသည် ကိုဗစ်ကာလမှစတင်ကာ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်တချို့တွင် ဝင်ငွေနည်းအခက်အခဲရှိ မိသားစုများအား ထမင်းနှင့်ဟင်းများ လှူဒါန်းခြင်းကို လစဉ်နီးပါး ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets outstanding students of academic year 2022-2023



Senior General Min Aung Hlaing delivers address at the meeting with outstanding students.

**Nay Pyi Taw April 26**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met outstanding students of the academic year 2022-2023 at Myanmar International Convention Centre II here this morning.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary Lt-Gen Aung Lin Dway, Joint Secretary Lt-Gen Ye Win Oo, SAC members, Admiral Tin Aung San, Lt-Gen Moe Myint Tun, Lt-Gen Yar Pyae, U Wunna Maung Lwin, Daw Dwe Bu, Po Rei Thein Aung, Mahn Nyein Maung, Dr Hmu Htan, U Maung Ko, Dr Aung Kyaw Min, Dr Kyaw Tun, Khun San Lwin, U Shwe Kyein and U Yan Kyaw, union ministers, the Nay Pyi Taw Council chairman, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, officials of Education Ministry, and teachers of basic education schools.

The Senior General said youths are the jewels who will shoulder the State duties in the future. They are swift, alert, inquisitive, adventurous, brave, and creative. Students possess those capabilities as they are the youth whose age is between juvenile and adult. They also have the goal, vision and the driving force to reach the aspired goal of theirs and their family, country and race. As students have the said qualities, they will surely achieve success in life if they are cooperative, helpful, sympathetic, friendly, and courteous, have mutual respect for the society and apply their wisdom and knowledge. Nurturing the youths to become human resources who are healthy, industrious, ethical, decent, polite, and patriotic and who possess intelligence and academic and technological knowledge amounts to laying a foundation for the future country. The outstanding student project for academic year 2022-2023 was implemented for the emergence of student youths who are healthy, decent, excellent, good citizens who have greater interest in practical education activities and who can serve the national interest, and nurturing other youths to follow the example of outstanding students.

The outstanding student project was initiated in 1964 and it could mark the 25th anniversary (Silver Jubilee) Outstanding Student project in 1988. It was suspended from 1988 but it resumed as the all-round outstanding youth project in 2013. In 2018, the project was renamed as the outstanding student project. So, it will turn 60 years in coming year.

The project was suspended again as from 2019-2020 academic year due to infection of Covid-19, and it resumed in 2022-23 academic year.

This academic year, a total of 160 students in the eighth standard, 160 in the tenth standard and 158 in the 11th standard, totalling 478 were turned and they will be sent to outstanding student camps in Bagan, Taunggyi and Ngwehsaung.

Excursions in groups will reflect fraternity among the outstanding students from regions and states and cooperation among them. Moreover, they will exchange knowledge from relevant regions as well as traditional culture and customs so as to forge the spirit adoring the State and the nationality.



Senior General Min Aung Hlaing cordially converses with outstanding students.

It is important to nurture new generation youths to become outstanding and sharpening students. Moreover, deserved chances must be created for the students to have politeness, social conscience, harmony in the society, cooperation, leadership as well as good followers. They have to be nurtured to know duty and entitlements, nature of good and bad mans, following the nature of wise men with high morality. These are compulsory tasks for the State.

Hence, the government is encouraging the outstanding student project as well as the youth programmes in order to nurture them to become good leaders who will lead the State future and relate to the people, serve the public interests and become new generations with physical and mental morality.

If so, the students will be outstanding as contributing to the future of the State. The people expect the outstanding students to become good State leaders for the future nation.

The government emphasizes emergence of the intellectuals and intelligentsia while implementing the learning of school-age children and completion of all students in the KG + 9 scheme in minimum. As from 2023-24 academic year, the students who have completed the middle school education will have chance to attend 51 industrial, agricultural and livestock breeding affiliated high schools in 50 districts. The Ministry of Agriculture, Livestock and Irrigation cooperates with the Ministry of Education and the Ministry of Science and Technology in implementing the project.

After completing middle school education, young students themselves can have further chances to study four branches namely **high school education, technology, agriculture and livestock breeding.**

*See Page 13*




Senior General Min Aung Hlaing poses for documentary photo together with outstanding students.

*From Page 12*

And they will surely have job opportunities. Outstanding students can continue studying higher education branches they are interested in at respective institutes, colleges and universities. Therefore, they are urged to study hard for their quality of life.

The State is also making arrangements to send brilliant students abroad for further studies. So, the students for their part need to work hard in the education field in the interest of the State.

They need to stay away from and know the danger of drug abuse that can adversely affect their health and progress. Such various kinds of danger must be avoided through wisdom. During their free time, they need to try to improve their lives, use the internet efficiently, read a lot and take care of their health.

For the success and long-term existence of a country, national economic growth as well as the good morality and character of its citizens is very important. The citizens must build up their nation with their knowledge and skills for its long-term existence. Moreover, the spirit of cherishing the State and people, valuing their character, working hard, making innovations and using their initiative is especially necessary.

As they had such an opportunity to attend this event thanks to their good discipline and character under the patronage of their parents and teachers, they are urged to continue working hard.

In accord with the saying **"Discipline is a human value"** they also need to follow the motto **"Discipline starts with school"** in their life journey to come so that they can become good citizens.

In school life, students must try to become good pupils. Likewise, they need to try to become good citizens in order that they are able to lead the country.

You, the young students, need to be full of good basics to successfully move forward in life. Those good basics are the morals to be exercised in the youth. Those morals that you have already known are: "the five morals of children" and "the five morals of pupils". If you exercise those morals in your youth, you will definitely become good citizens who are reliable for the nation.

Outstanding students are seriously urged to make best efforts to be able to faithfully get transferred responsibilities for the interests of themselves, their schools, their surroundings and their nation.

The Outstanding Students Project has been developed for decades and it is an education project with a good history and has produced good citizens for the nation. To meet one of the social objectives of the State: "To promote multiple education systems in order to produce the necessary human resources for building a modern developed democratic nation, it is to keep making efforts to constantly develop new generations for the future. I wish all of you outstanding students happy and healthy on the excursion trip and good sons and daughters who contribute to the nation.

Afterwards, on behalf of the outstanding students, Ma Chu Myat Sandi who is at Grade-11 and has been selected twice as outstanding student from No.5 Nay Pyi Taw Basic Education High School, expressed words of thanks in return.

Later, the Senior General, the attendees and outstanding students had a record photo taken. The Senior General cordially greeted the outstanding students. 100

# Taliban kill IS leader behind Kabul airport bombing

**Kabul April 26**

The Islamic State group mastermind thought to have planned the devastating 2021 bombing at Kabul airport has been killed by Afghanistan's ruling Taliban, US officials say.

The bombing that August killed 170 civilians and 13 US soldiers as people were trying to flee the country as the Taliban took control.

The IS figure was killed weeks ago but it took time to confirm his death, US officials told BBC news partner CBS.

His name has not been released.

US officials said they had determined through intelligence gathering and monitoring of the region that the leader had died, though they did not provide further details on how they had learned that he was responsible for the bombing.

"Experts in the government are at high confidence that this individual... was indeed the key individual responsible," a senior US official told CBS.

According to a report in the New York Times, the US learned of the leader's death in early April. It is unclear whether he was targeted by the Taliban or if he was killed during ongoing fighting between IS and the Taliban, the newspaper reported. BBC

# Fighting in Sudan despite ceasefire - BBC reporter

**Khartoum April 26**

Fighting is continuing in parts of Sudan despite a 72-hour ceasefire largely holding.

Speaking via phone from Omdurman, the adjoining city to the capital Khartoum, the BBC's Mohamed Osman said there was fighting near TV and radio buildings.

He also said there was "no fuel at all", a lack of doctors, and people struggling to access food and money.

The ceasefire, which began at midnight local time (22:00 GMT) on Monday, is due to expire at the start of Friday.

The conflict began on 15 April amid a power struggle between the leaders of Sudan's regular army and rival group the Rapid Support Forces (RSF).

"People in Khartoum, particularly in Omdurman where I live, are finding it difficult to find clean water and food - even cash to buy things - there are no banks or any money institutes from which to get money," Osman told the BBC World Service's OS programme.

He said he could still hear explosions and gun fire, with military planes in the air, although it was quieter than before the ceasefire.


BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယနိုင်ငံက ရေအောက်မောင်းသူမဲ့တိုက်ခိုက်ရေးရေယာဉ် (XLUUV) ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စတင်




အိန္ဒိယနိုင်ငံသည် အလွန်ကြီးမားသော ရေအောက်မောင်းသူမဲ့ တိုက်ခိုက်ရေး ရေယာဉ်(XLUUV) ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းတစ်ခုကိုစတင်လုပ်ဆောင် ခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက ဧပြီ ၂၅ ရက်တွင် အစီရင်ခံ တင်ပြထားသည်။

အိန္ဒိယရေတပ်သည် ရေအောက်မောင်းသူမဲ့တိုက်ခိုက်ရေးရေယာဉ် (XLUUV) ၁၂ စီးထိ ဝယ်ယူရန် စီစဉ်နေကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ စာရွက်စာတမ်းများကို ကိုးကား၍ အမေရိကန်နိုင်ငံရေတပ်သတင်း(Naval News) က ရေးသားဖော်ပြခဲ့ပြီး ရှေ့ပြေးနမူနာပုံစံသည် ၂၀၂၅ ခုနှစ်တွင် အဆင်သင့်ဖြစ်ရန် မျှော်လင့်ထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ပြည်တွင်း၌ထုတ်လုပ်သော Air-Independent Propulsion တွန်းကန်အားစနစ်နည်းပညာသုံး ဒီဇယ်-လျှပ်စစ် ရေငုပ်သင်္ဘောခြောက်စီးဝယ်ယူရေးတွင် နှောင့်နှေးမှုများနှင့် ရင်ဆိုင်နေရသောကြောင့် ရေအောက်မောင်းသူမဲ့တိုက်ခိုက်ရေးရေယာဉ်ကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

ရေအောက်မောင်းသူမဲ့တိုက်ခိုက်ရေးရေယာဉ်သည် အရှည်မီတာ ၅၀(၁၆၄ ပေ)၊ အကျယ် ငါးမီတာ (၁၆ ပေ)နှင့် အမြင့် ၁၀ မီတာ(၃၃ ပေ) ရှိမည်ဖြစ်ပြီး အလေးချိန် တန် ၃၀၀ ထိရှိနိုင်ကြောင်း မျှော်မှန်းလုပ်ဆောင်နေကြသည်။

အဆိုပါရေယာဉ်ကို အသုံးပြုရန်မျှော်လင့်ထားသည့် အခန်းကဏ္ဍများတွင် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်းတို့အပြင် ရေငုပ်သင်္ဘောဆန့်ကျင်ရေး၊ စစ်ရေယာဉ်တိုက်ဖျက်ရေးနှင့် မိုင်းစစ်ဆင်ရေးတို့ပါဝင်သည်။

ရေအောက်မောင်းသူမဲ့တိုက်ခိုက်ရေးရေယာဉ်သည် ရေတိမ်ပိုင်းနှင့် ကန့်သတ်ထားသောပိုင်နက်ရေပြင်များတွင် စစ်ဆင်ရေးလုပ်ဆောင်နိုင်မှုနှင့်အတူ အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းပါရှိလာနိုင်ဖွယ်ရှိနေသည်။

၎င်းသည် ကိုယ်ပိုင်ဆိပ်ကမ်းသို့ပြန်ကပ်လာနိုင်ပြီး ကမ်းခြေရှိ မိမိတပ်ဖွဲ့စစ်ရေယာဉ်များနှင့် ကုန်းပေါ်ရှိ နောက်တွဲယာဉ်များဖြင့် ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

သတင်းရင်းမြစ်၏အဆိုအရ အဆိုပါရေအောက် မောင်းသူမဲ့တိုက်ခိုက်ရေးရေယာဉ်သည် အလေးချိန် ၁၀ တန်ရှိပြီး ကာကွယ်ရေးဝန်ကြီးဌာနသည် ယာဉ်ကို ၅၃၃ မီလီမီတာ တော်ပီဒိုပြွန်နှစ်ခုနှင့် မိုင်းခင်းချထားနိုင်မှုတို့ဖြင့် တပ်ဆင်ရန် စဉ်းစားနေသည်။

ရေအောက်နစ်မြုပ်ခုတ်မောင်းနိုင်သော အဆိုပါရေအောက်မောင်းသူမဲ့တိုက်ခိုက်ရေးရေယာဉ်သည် အများဆုံးအမြန်နှုန်း တစ်နာရီလျှင် ၁၅ ကီလိုမီတာနှင့် ပုံမှန်အမြန်နှုန်း တစ်နာရီလျှင် ၇ ဒသမ ၄ ကီလိုမီတာ သွားလာနိုင်သည်။

Li-Po/Li-ion ဘက်ထရီများ သို့မဟုတ် ပါဝါအရင်းအမြစ်အဖြစ် Air Independent Propulsion စနစ်ကို အသုံးပြု၍ ရေထဲတွင် ၄၅ ရက်ကြာ နေနိုင်လိမ့်မည်ဟု မျှော်မှန်းရသည်။

XLUUV တွင် တပ်ဆင်ထားသော အာရုံခံကိရိယာများသည် Flank Array Sonar၊ Towed Array Sonar၊ Bow Sonar အာရုံခံစနစ်များ၊ လှိုင်းနှုန်းမျိုးစုံသုံး Multi-Beam Echo Sounder Sub-bottom Profiler၊ တိုက်မိခြင်းမှရှောင်လွှဲနိုင်သော ဆိုနာအာရုံခံစနစ်များ၊ I band ရေဒါ၊ အီလက်ထရွန်နစ်ပံ့ပိုးမှုတိုင်းတာသည့်စနစ်နှင့် Electro-Optical၊ Infrared ကင်မရာများပါရှိသည့် Periscope Mast ရွက်တိုင်တို့ ထည့်သွင်းအသုံးပြုထားသည်။

**India Launches Armed Unmanned Underwater Vehicle Project: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## ချက်နိုင်ငံက စစ်အသုံးစရိတ်ကို NATO အဖွဲ့ဝင်နိုင်ငံအဆင့်နှင့်လျော်ညီစွာ တိုးမြှင့်သုံးစွဲမည်

ချက်နိုင်ငံသည် ယူကရိန်း-ရုရှား ပဋိပက္ခပြင်းထန်နေချိန်တွင် ချက်နိုင်ငံလွှတ်တော်က NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအတွက် စစ်အသုံးစရိတ်ကို လိုအပ်သည့်အဆင့်ထိ တိုးမြှင့်သုံးစွဲနိုင်ရန် အစိုးရက ကျောထောက်နောက်ခံပြု၍ ရေးဆွဲတင်သွင်းခဲ့သည့်ဥပဒေတစ်ရပ်ကို ဧပြီ ၂၁ ရက်က အတည်ပြုနိုင်ခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက ဧပြီ ၂၄ ရက်တွင် ထုတ်ဖော်ရေးသားထားသည်။

ယခု ဆီးနိတ်လွှတ်တော်က အတည်ပြုရမည့်ဥပဒေကြမ်းသည် နိုင်ငံအတွက် ၎င်း၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုအနည်းဆုံး နှစ်ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် သုံးစွဲရန်လိုအပ်မည်ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်များက NATO အဖွဲ့ကို ကျွန်ုပ်တို့ကတိပေးခဲ့ပြီး ကတိအတိုင်း လိုက်နာလုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း ချက်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Jana Cernochova က ပါလီမန်သို့ပြောကြားခဲ့ပြီး ကတိကဝတ်ကိုဖြည့်ဆည်းရန် အစိုးရ၏တာဝန်ဖြစ်ကြောင်း လွှတ်တော်သို့ ပြောကြားခဲ့သည်။

ချက်သမ္မတနိုင်ငံသည် ၎င်း၏ လက်ရှိဘတ်ဂျက်တွင် ကာကွယ်ရေးအတွက် GDP ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းကို သုံးစွဲထားသည်။ အဆိုပါဥပဒေသစ်သည် ဇူလိုင်လတွင် အသက်ဝင်မည်ဖြစ်ပြီး လာမည့်နှစ်ဘတ်ဂျက်တွင် အကျုံးဝင်မည်ဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် NATO သို့ ဝင်ရောက်ခဲ့သည့် ချက်သမ္မတနိုင်ငံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်း-ရုရှားပဋိပက္ခ ပြင်းထန်နေချိန် ၎င်း၏ ကာကွယ်ရေးအသုံးစရိတ်ကို ပြန်လည်စဉ်းစားရန် တွန်းအားဖြစ်စေခဲ့သည်။

ယူကရိန်းအထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ ချက်အစိုးရသည် ယူကရိန်းကို တင့်ကားများကဲ့သို့သော အကြီးစားလက်နက်ပစ္စည်းများဖြင့် စစ်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများ အများအပြားပေးအပ်ခဲ့သည်။

ဧပြီ ၂၁ ရက်တွင် ပါလီမန်သည် ချက်နိုင်ငံစစ်ဘက်တွင် တာဝန်ထမ်းဆောင်နိုင်မည့်အခြေအနေများကို ဖြေလျှော့ပေးခဲ့ပြီး အရန်အင်အားများအတွက် အပိုဆုကြေးငွေများ ထပ်မံတိုးမြှင့်ပေးခဲ့သည်။

ချက်နိုင်ငံသည် NATO စစ်ဗိုလ်ချုပ်ဟောင်း Petr Pavel ကို ဇန်နဝါရီလတွင် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်လကစတင်၍ သမ္မတတာဝန်ထမ်းဆောင်နေပြီလည်းဖြစ်သည်။



**Czechs Move to Hike Military Spending to NATO Level ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယရေတပ်က ရုရှားနှင့် အမေရိကန်တို့ထံမှ ကန်ဒေါ်လာသန်း ၂၀၀ ခန့်တန်ဖိုးရှိ ဒုံးကျည်စနစ်များဝယ်ယူရန်စီစဉ်



အိန္ဒိယနိုင်ငံသည် ရုရှားနှင့် အမေရိကန်တို့ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့်တန်ဖိုးရှိသော ဒုံးကျည်စနစ်များ ဝယ်ယူရန်စီစဉ်ထားကြောင်း ANI သတင်းဌာနက ဧပြီ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

Klub သင်္ဘောဖျက် ခရုဇ်ဒုံးကျည် အစင်း ၂၀ ကျော်ကို ရုရှားထံမှ ဝယ်ယူမည်ဖြစ်ပြီး Harpoon သင်္ဘောဖျက်ဒုံးကျည်စနစ်အတွက် စက်ပစ္စည်းကိရိယာများကို အမေရိကန်ထံမှ ဝယ်ယူမည်ဖြစ်ကြောင်း ANI သတင်းဌာန၏ အဆိုအရ သိရသည်။

Klub စနစ်ကို အိန္ဒိယရေတပ်၏ ပင်လယ်ပြင်သွားစစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများတွင် တပ်ဆင်အသုံးပြုထားကြောင်း အိန္ဒိယကာကွယ်ရေးအရာရှိများက ANI သတင်းဌာနကို ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဧပြီ ၂၅ ရက်တွင် India Today က ထုတ်ပြန်သည့်အချက်အလက်အရ အဆိုပြုချက်တစ်ရပ်ကို အစိုးရက ထည့်သွင်းစဉ်းစားလျက်ရှိပြီး အမေရိကန်ထုတ် Harpoon နှင့် ရုရှားထုတ် Kalibr ဒုံးကျည်များဝယ်ယူမှုအတွက် မကြာမီ ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

Harpoon ဒုံးကျည်နှင့် Kalibr ဒုံးကျည်များသည် တူညီသောစွမ်းဆောင်ရည်များနှင့်သတ်မှတ်ချက်များတွင် ကွဲပြားမှုများရှိကြသည်။ ဒုံးကျည်နှစ်မျိုးကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် Harpoon သင်္ဘောဖျက်ဒုံးကျည်တွင် အလေးချိန် ၆၉၁ ကီလိုဂရမ်ရှိပြီး Kalibr သင်္ဘောဖျက်ဒုံးကျည် အလေးချိန်မှာ အမျိုးအစားအလိုက် ကီလိုဂရမ် ၁၃၀၀ မှ ကီလိုဂရမ် ၂၃၀၀ ထိ ရှိကြောင်း သိရသည်။

Harpoon ဒုံးကျည်သည် ဝေဟင်မှ ပစ်လွှတ်သည့်အမျိုးအစားတွင် ၃ ဒသမ ၈ မီတာရှည်ပြီး ရေပြင်နှင့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်သည့်အမျိုးအစားတွင် ၄ ဒသမ ၆ မီတာရှည်လျားကာ Kalibr ဒုံးကျည်၏ အရှည်မှာ ၆ ဒသမ ၂ မီတာမှ ၈ ဒသမ ၉ မီတာထိ ရှိကြောင်း သိရသည်။

Harpoon ဒုံးကျည်၏အချင်း ၃၄ စင်တီမီတာရှိပြီး Kalibr ဒုံးကျည်အချင်းမှာ သုည ဒသမ ၅၃၃ မီတာဖြစ်သည်။

Harpoon ဒုံးကျည်၏ ထိပ်ဖူးသည် အလေးချိန် ၂၂၁ ကီလိုဂရမ်ရှိပြီး Kalibr ဒုံးကျည်၏ထိပ်ဖူးသည် ကီလိုဂရမ် ၄၀၀၊ ကီလိုဂရမ် ၅၀၀ အလေးချိန်ရှိ HE သို့မဟုတ် Thermonuclear ထိပ်ဖူးအမျိုးအစားများတပ်ဆင်အသုံးပြုလေ့ရှိကြောင်း သိရသည်။

**Indian Navy plans to buy missile systems from Russia, US worth $200 mln — mediaeSifhIndian Navy may acquire US Harpoon and Kalibr missiles တို့ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယခင်ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်ထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၆ သန်းကျော်ရရှိ



**နေပြည်တော် ဧပြီ ၂၆**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်ထိကာလ အတွင်း နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုတွင် ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၆ သန်းကျော် ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်)ညွှန်ကြားရေးမှူး ဦးညွှန့်ဝင်းက ပြောပြ၍ သိရသည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်း နိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ) နှင့် ဩစတြေးလျနိုင်ငံတို့သို့ ပုံမှန် တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှုတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ယခင်ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်ထိကာလအတွင်းမှာ ပုစွန်မက်ထရစ်တန်ချိန် ၁၆၀၅၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆ သန်းကျော်ရရှိထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က ပုစွန်တန်ချိန် ၁၄၀၀၀ ကျော်ပဲ တင်ပို့နိုင်ခဲ့တဲ့အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာတော့ တန်ချိန် ၂၀၀၀ လောက် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပြည်ပကို ပုစွန်တင်ပို့ရာမှာ ပုဂ္ဂလိကကဏ္ဍတစ်ခုတည်းကပဲ တင်ပို့ခဲ့တာဖြစ်ပြီး ပုံမှန် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေ သာမက နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေလဲ တင်ပို့နေတာဖြစ်ပါတယ်”ဟု ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွှန့်ဝင်းက ပြောပြသည်။

ရေထွက်ကုန် တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထား ပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏လိုအပ်ချက်များပြည့်မီရေးကို ဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ကျောက်မဲ ဧပြီ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မိုင်းတင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မိုင်းတင်းကျေးရွာ၌ ကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးဦးစောမြင့်ထွန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



မိုင်းတင်းကျေးရွာ၌ အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ် ၅ ဒသမ ၃ သိန်း စုစုပေါင်း ငွေကျပ် ၁၀၅ ဒသမ ၃ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် မိုင်းတင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ပညာရေးနှင့် အခြားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# သံဖြူဇရပ်မြို့နယ်၌ စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲကျင်းပ

**သံဖြူဇရပ် ဧပြီ ၂၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျေးရွာများရွေးချယ်အတည်ပြုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးရွာများ ရွေးချယ်ရေး စံသတ်မှတ်ချက်များ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သံဖြူဇရပ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာတစ်ရွာနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကျေးရွာတစ်ရွာကို သတ်မှတ်ထားသည့် စီမံကိန်းကျေးရွာများရွေးချယ်ရေးစည်းကမ်းချက်များနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၄-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၀၀၀၀ |
| **(ရွှေထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၃၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားဝင်စတင်လက်ခံခြင်း (Grand Opening) အခမ်းအနားနှင့် ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၃) အထိမ်းအမှတ်အခမ်းအနား တက်ရောက်



မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားဝင်စတင်လက်ခံခြင်း(Grand Opening) အခမ်းအနားနှင့် ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၃) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၂၆**

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားဝင်စတင်လက်ခံခြင်း (Grand Opening) အခမ်းအနားနှင့် ကမ္ဘာ့မူပိုင်ခွင့်နေ့(၂၀၂၃) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း ဆောင်ရွက်နေသော ဥပဒေအကျိုးဆောင် မူပိုင်ခွင့်ဆိုင်ရာကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပြီး နိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံး၊ ရုံးခွဲများမှ တာဝန်ရှိသူများက Online ဖြင့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့သည် "ကမ္ဘာ့မူပိုင်-ခွင့်နေ့ (World IP Day)" ဖြစ်သည့်အတွက် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့(WIPO)၏ အဖွဲ့ဝင် နိုင်ငံအသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက်ရှိပါကြောင်း၊ ယခုနှစ်ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၃) ၏ဆောင်ပုဒ်သည် **"Women and IP: Accelerating Innovation and Creativity"** "မူပိုင်ခွင့်နှင့် အမျိုးသမီးများ ဆန်းသစ်တီထွင် မြှင့်တင်သွား" ဖြစ်သည့်အတွက် မူပိုင်ခွင့်ကဏ္ဍနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးများကို အထူးအသိအမှတ်ပြုသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားတွင် ကမ္ဘာ့မူပိုင်ခွင့်နေ့(၂၀၂၃)၏ ဆောင်ပုဒ်နှင့်စပ်လျဉ်းသည့် စကားဝိုင်းနှင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ စကားဝိုင်းတို့ကို ထည့်သွင်းစီစဉ်ထားရှိရာ အဆိုပါစကားဝိုင်းဆွေးနွေးမှုများကတစ်ဆင့် မူပိုင်ခွင့်ဆိုင်ရာ ဗဟုသုတများ ရရှိစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ဥပဒေအရဆောင်ရွက်ပေးခြင်းနှင့် အမှတ်တံဆိပ်များကို အကာအကွယ်ပေးနိုင်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို ထိရောက်စွာ အကာအကွယ်ပေးခြင်း၊ အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်သည့်အတွက် မျှတသောဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်စေနိုင်ခြင်းနှင့် အများပြည်သူအတွက် ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏မူပိုင်ခွင့်စနစ်တည်ဆောက်ရာတွင် မိမိတို့နှင့်သက်ဆိုင်သည့် အခန်းကဏ္ဍများတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ထို့နောက်မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့အတွက် ပေးပို့သည့် Video Message ကိုပြသသည်။

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌက ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားဝင်စတင်လက်ခံခြင်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။



**မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အခမ်းအနားတွင် ခင်းကျင်း ပြသထားမှုများကို လှည့်လည် ကြည့်ရှုစဉ်။**

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားမှုမှတ်တမ်း Documentary ကို ပြသပြီး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ် ကဗျာ၊ ပိုစတာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများနှင့် ဂုဏ်ပြုတေးရေးစပ်သီကုံးသူ၊ သီဆိုသူများကို ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တေးသံရှင်များက ကမ္ဘာ့မူပိုင်ခွင့်နေ့(၂၀၂၃) အထိမ်းအမှတ် အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "ဉာဏ်ပန်းကလေးတွေ လန်းဆန်းစေ" တေးသီချင်းဖြင့်သီဆိုဖျော်ဖြေပြီး မူပိုင်ခွင့်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက "ပုခက်လွှဲသောမူပိုင် ခွင့်လက်များ" တေးသီချင်းတို့ဖြင့် တေးသရုပ်ဖော် တင်ဆက်ကြသည်။

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသည့် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်း သရုပ်ဖော်ပြသထားမှု၊ မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ်ကဗျာ၊ ပိုစတာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲဝင်လက်ရာများနှင့် ဆုရရှိသူများ၏ လက်ရာများ၊ မူပိုင်ခွင့်ဦးစီးဌာန၏ ဒေသဆိုင်ရာအညွှန်းဆောင်ရွက်ချက်များ၊ မူပိုင်ခွင့်ဥပဒေလေးမျိုးနှင့် ကုန်ပစ္စည်း အတု-အစစ် ပြသထားမှုတို့ကို လှည့်လှည် ကြည့်ရှုကြသည်။

ထို့နောက် ကမ္ဘာ့မူပိုင်ခွင့်နေ့ (၂၀၂၃) ၏ ဆောင်ပုဒ် "မူပိုင်ခွင့်နှင့် အမျိုးသမီးများ ဆန်းသစ်တီထွင်မြှင့်တင်သွား" ခေါင်းစဉ်ဖြင့် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် သုံးဦးပါဝင်သည့် အမျိုးသမီး လေးဦးက စကားဝိုင်းဆွေးနွေးခြင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်အကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် မူပိုင်ခွင့်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့ဝင် ခြောက်ဦးတို့က စကားဝိုင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ဧပြီ ၂၆ ရက်မှစတင်၍ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန နေပြည်တော်(ရုံးချုပ်)၊ အောက်မြန်မာပြည်(ရန်ကုန်ရုံးခွဲ)နှင့် အထက်မြန်မာပြည် (မန္တလေးရုံးခွဲ)တို့တွင် လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ မူပိုင်ခွင့်ကိုယ်စားလှယ်မှတစ်ဆင့် Online ဖြင့်လည်းကောင်း လျှောက်ထားမှတ်ပုံတင်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများကို မန္တလေးတိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသော ဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညိုပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။



ဆရာတော်၊ သံဃာတော်ကြီးများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဩဝါဒခံယူခဲ့ကြသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ဖူးမြော်ကြည်ညိုလေ့လာပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။



ဆရာတော်၊ သံဃာတော်ကြီးများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ဆရာတော်၊ သံဃာတော်ကြီးများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ တာဝန်ရှိသူများက နေ့ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်၊ သံဃာတော်ကြီးများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

☆ **ကျောဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေး စကျင်ကျောက်တော်ကြီးကို အဆင့်ဆင့်တူးဖော်ခဲ့ရမှုနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့မှ အဆင့်ဆင့်ပင့်ဆောင်ခဲ့ရမှု၊ ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့ကို ထုဆစ်ပုံဖော်ခဲ့မှုနှင့် ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ကာ ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ထည့်သွင်းတည်ဆောက်လျက်ရှိမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက်ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်ကြီးများကို နေ့ဆွမ်းနှင့် အချိုပွဲများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်ကြီးများထံမှ အနုမောဒနာတရားနာယူခဲ့ကြသည်။

ထို့ပြင်ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဩဝါဒခံယူခဲ့ကြသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များသည်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လာရောက်ဖူးမြော်ကြည်ညို လေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

# ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာဆိုင်ရာကွန်ဖရင့်နှင့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် အွန်လိုင်းမှတက်ရောက်အမှာစကားပြောကြား



ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာကွန်ဖရင့်နှင့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် အွန်လိုင်းမှတက်ရောက်စဉ်။

**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် ၇၅ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နှင့်တိုက်ဆိုင်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာအစီအစဉ်များအနက်တစ်ခုဖြစ်သော ရုရှား-မြန်မာပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာကွန်ဖရင့်ကို မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် Moscow State Institute of International Relations (University) of the Ministry of Foreign Affairs of the Russian Federation (MGIMO)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က အွန်လိုင်းမှတက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့နှစ်နိုင်ငံသံတမန်ဆက်ဆံရေးမှာ ခိုင်မာပြီး တူညီသောအကျိုးစီးပွား၊ တန်ဖိုးထားမှုများနှင့် အပြန်အလှန်နားလည်သော ချစ်ကြည်ရင်းနှီးမှုများရှိပါကြောင်း၊ ပထဝီဝင်အနေအထားအရ ခြားနားနေသော်လည်း ပြည်သူအချင်းချင်း အပြန်အလှန်ကူးလူးဆက်သွယ်မှုတို့မှတစ်ဆင့် အဆိုပါစိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်ရေး၊စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ စက်မှုလုပ်ငန်းစသော အလားအလာရှိသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ ယခုကွန်ဖရင့်မှတစ်ဆင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် အကောင်အထည်ဖော်နိုင်ရန် ထိရောက်သောမဟာဗျူဟာများ ဆွေးနွေးဖော်ထုတ်ရန်အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး၊ MGIMO တက္ကသိုလ်မှ နိုင်ငံတကာရေးရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စတနီစလပ်ဆူရှိဆပ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားကိုယ်စားလှယ်အဖွဲ့များက နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ သံတမန်ရေးရာကိစ္စရပ်များ၊ ပညာရေးနှင့် နည်းပညာ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါကွန်ဖရင့်သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) စစ်သံမှူးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှားနိုင်ငံ MGIMO တက္ကသိုလ်၊ နိုင်ငံတကာရေးရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စတနီစလပ်ဆူရှိဆပ်နှင့် တက္ကသိုလ်မှ တာဝန်ရှိသူများ၊ ASEAN Centre၊ Peoples' Friendship တက္ကသိုလ်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း၊ Escape Tech LLC ၊ Rosatom Technical Academy၊ ရုရှား-အာဆီယံစီးပွားရေးကောင်စီနှင့် ရုရှားဖက်ဒရယ်သုတေသနဌာနမှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ကြသည်။ အဆိုပါကွန်ဖရင့်ကို မေ ၂၂ ရက်မှ ၂၉ ရက်ထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့တွင် ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၅ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ခရီးသွားလုပ်ငန်းဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အစိုးရနှင့် ပုဂ္ဂလိကများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ ရုရှားခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးအတွက် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယအကြီးအကဲ မစ္စနာနာအမ်ဂါဗီချီရာက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဗီဒီယိုကို ပြသ၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗေယျာမျိုးအောင်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း စီးပွားရေးဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာတန်နက်စ်ကူမာ (အန်)မာနီယန်က MAI မှပြေးဆွဲနေသော လေကြောင်းလိုင်းများနှင့် လေကြောင်းခရီးစဉ်အတွင်းလိုက်နာရမည့် စည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် အမြင်ချင်းဖလှယ်၍ ဆွေးနွေးကြသည်။ ဆက်လက်၍ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီချယ်စလာ့ကဘ်ဂါနိုဗ့်က ဖိုရမ်ကျင်းပခြင်းကြောင့်ရရှိသည့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်သို့ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒုတိယအကြီးအကဲ မစ္စနာနာအမ်ဂါဗီချီရာ၊ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာဗီချယ်စလာ့ကဘ်ဂါနိုဗ့်နှင့် ရုရှားခရီးသွားကုမ္ပဏီများ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ အထွေထွေအတွင်းရေးမှူးများ၊ Myanmar Airways International (MAI) မှ စီးပွားရေးဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာတန်နက်စ်ကူမာ (အန်)မာနီယန်တို့က အွန်လိုင်းမှပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ရေဖြန့်ဝေပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မေ ၂၆**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ရေဖြန့်ဝေပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ မေ ၂၅ ရက် မွန်းလွဲပိုင်းကပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့် ဓာတ်အားခွဲရုံများမှ ခွဲရုံတာဝန်ခံများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှဌာနမှူးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးမြင့်သူက နိုင်ငံတော်ဓာတ်အားစနစ်မှ မန္တလေးတိုင်းဒေသကြီးအတွက် ဓာတ်အားခွဲဝေရရှိမှုနှင့် ဓာတ်အားလိုအပ်မှုအခြေအနေများ၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအတွင်းရှိ မြို့နယ်များကို ပင်မဓာတ်အားခွဲရုံ ၄၅ ရုံမှ ဓာတ်အားဖြန့်ဖြူးပေးခြင်းများကို အုပ်စုများဖြင့် ဆောင်ရွက်ပေးနေမှု၊ အုပ်စုအလိုက် အလှည့်ကျဓာတ်အားသုံးစွဲနေမှုနှင့် ဝန်အားအခြေအနေများကိုလည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှူး ဦးထွန်းဝင်းက လတ်တလော အခြေအနေများအရ သောက်သုံးရေဖြန့်ဝေနိုင်မှု၊ ရေပေးရေးစနစ်တွင်အသုံးပြုနေသည့် ရေအရင်းအမြစ်များ၊ ရေတွန်းစက်ရုံ ၁၈ ရုံမှ



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ရေဖြန့်ဝေပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

မြို့နယ်များအလိုက် ရေဖြန့်ဖြူးပေးရာတွင် လျှပ်စစ်ဓာတ်အားပုံမှန်မရရှိခြင်းကြောင့် ကြုံတွေ့နေရသည့်အခြေအနေများ၊ ရေတွန်းစက်ရုံများတွင် ဆိုလာစနစ်ဖြင့် တွဲဖက်အသုံးပြုနိုင်ရန် စီစဉ်ထားရှိမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဓာတ်အားခွဲရုံများမှ ခွဲရုံတာဝန်ခံများက လျှပ်စစ်ဓာတ်အားရရှိမှု၊ ဖြန့်ဖြူးပေးနေမှုနှင့် ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



ကျိုင်းတုံမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူများအား နည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။

**နေပြည်တော် ဧပြီ ၂၆**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိသင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၇၁ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၅၀ နှင့် စစ်တွေမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၁ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)သင်တန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀ နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်း ၁၇ ခု၌ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူအင်အား ဦးရေ ၆၈၀ ဖြင့် သက်ဆိုင်ရာနယ်မြေအသီးသီးအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများလေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အနောက်ဈေးရပ်ကွက်နေ သန့်ဇင်သည် ၎င်းအသုံးပြုသည့် "Thant Zin" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ချစ်မြတ်ဖြိုးစု(ခ) ချစ်ကွိသည် ၎င်းအသုံးပြုသည့် "Chit Myat Phyo Su" Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက် မဟာမြိုင်(၉)လမ်းနေ စိမ့်သဥ္စာကြည်သည် ၎င်းအသုံးပြုသည့် "Saint Thinzar Kyi" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် အမှတ်(၉၀၄/ခ)နေ ခင်နှင်းအေးနှင့် အောင်သူရပိုင်တို့သည် ၎င်းတို့အသုံးပြုသည့် "Khin Hin Aye" Facebook အကောင့်နှင့် "Aung Thuya Paing" Facebook အကောင့်၊ ရန်ကင်းမြို့နယ် အမှတ်(၅) ရပ်ကွက်နေ သန်းထွဋ်စိုးသည် ၎င်းအသုံးပြုသည့် "Than Htut Soe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပါအယ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျေးရွာ ရှိ ရွာလယ်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၂ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆီးချို၊သွေးချိုစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂၆-၄-၂၀၂၄

| စဉ် | မြို့အမည် | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဧစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၀၀၀ | ၂၁၀၀ | ၁၄၀၀ | ၁၄၈၀၀ | ၂၀၀၀၀ | ၁၀၀၀ | ၃၀၀၀-၃၂၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၄၇၀၀ | ၇၇၀၀-၈၀၀၀ | ၁၄၀၀၀-၁၈၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၇၀၀ | ၂၈၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၂၅၀-၂၀၀၀ | ၃၂၀၀-၅၃၀၀ | ၁၈၀၀-၂၇၀၀ | ၉၅၀၀-၁၀၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၂၀၀၀-၂၅၀၀၀ | ၂၀၀-၂၆၀ | ၂၅၀-၃၅၀ |
| ၃ | မန္တလေး | ၄၄၀၀ | ၂၉၀၀ | - | ၁၃၀၀၀ | ၁၂၅၀၀-၁၄၀၀၀ | ၂၂၀၀ | ၅၅၀၀-၅၈၀၀ | ၂၈၀၀-၃၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | - | ၁၃၀၀၀ | ၂၅၀-၂၇၀ | ၃၀၀-၃၂၀ |
| ၄ | မြစ်ကြီးနား | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၃၀၀ | ၄၅၀၀-၅၀၀၀ | ၂၅၀၀-၃၀၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၈၅၀၀ | - | ၃၀၀ | ၄၀၀ |
| ၅ | မော်လမြိုင် | ၃၉၀၀ | ၃၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၃၀၀-၁၅၀၀ | ၄၄၅၀-၄၇၀၀ | ၁၇၀၀-၁၈၀၀ | ၉၀၀၀-၁၀၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၇၀၀၀-၈၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၂၈၀-၃၀၀ | ၃၀၀-၄၀၀ |
| ၆ | ပုသိမ် | ၃၀၀၀ | ၂၅၀၀ | - | ၁၇၀၀၀ | ၁၃၀၀၀ | ၁၇၅၀ | ၅၅၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၂၇၀ | ၃၂၀ |
| ၇ | မုံရွာ | ၃၇၅၀ | ၂၃၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၂၀၀ | ၅၀၀၀ | ၁၈၀၀-၂၀၀၀ | ၈၇၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၅၀ | ၃၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆-၄-၂၀၂၄

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၀၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၃၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၈၅ ကျပ် | ၂၁၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၈၀ ကျပ် | ၂၂၃၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၉ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၃၉၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ . ၁၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၈၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။

(ဧပြီလ၊ ၂၀၂၄)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမင်း ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် အောက်ပါအဖွဲ့နှစ်ဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်းသိရှိရသည် -

(၁) **ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)**

(၂) **ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ**

ပါတီတည်ထောင်ခွင့်ရရှိသော ဖော်ပြပါအဖွဲ့နှစ်ဖွဲ့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့ထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ သုံးပါတီ ဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဧပြီ ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈ ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၅၃၉ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၇၂၂ ဦး |

**နေပြည်တော် ဧပြီ ၂၆**

ဧပြီ ၂၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၆၀ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

0w Mw M @

# ကံ ကံ၏အကျိုး

ကိုရွှေတောသား(ဆင်ကူး)



(၁)

"အော်လိုက်မယ်မကြံနဲ့နော် အားလုံး မသာပေါ်သွားမယ်။ ဒီမှာ တွေ့တယ်မဟုတ်လား ဓား"

အိမ်အောက်က အမှောင်ခြမ်းတစ်နေရာအရောက်တွင် အိမ်အပေါ်ထပ်ဆီက အသံတချို့ကို ကြားလိုက်ရသည်။ သည်အိမ်ကြီး၌ အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်နှင့် အသက် ၁၈ နှစ်၊ ၁၉ နှစ်အရွယ်ကောင်လေးတစ်ယောက် စုစုပေါင်း သုံးယောက်တည်းသာနေကြသည်။ ပစ္စည်းအသင့်အတင့်ချမ်းသာကြသည်။ ငခွေးတစ်ယောက် အိမ်အပေါ်ထပ်ဆီသို့ နားစွင့်နေမိသည်။

"ဒီမှာ ခင်ဗျားတို့မှာရှိတဲ့ ရွှေငွေ၊ ပိုက်ဆံတွေ အကုန် ကျုပ်တို့လိုချင်တယ်"

"မ မ မရှိပါဘူးမောင်ရင်တို့ရယ်။ ရှိတာလေးတွေ စားရင်းသောက်ရင်း ကုန်သလောက်ရှိနေပါပြီ"

"ဟာ ဒီအဘိုးကြီး ကျုပ် လူမသတ်ချင်ဘူးနော်။ အေးအေးပြောနေရင် ထုတ်ပေးလိုက်တော့"

"တကယ်ကိုမရှိတာပါကွယ်"

"ဟာကွာငါလုပ်လိုက်ရ"

အိမ်အပေါ်ထပ်ဆီက အဘိုးကြီး၊ အဘွားကြီးမိသားစုကို လူတစ်စုက ဓားပြတိုက်နေခြင်းဖြစ်သည်။ ငခွေးတစ်ယောက် အကြံအိုက်သွားသည်။ သူခိုးထက်၊ သူဝှက်ဦးဖြစ်နေပြီဖြစ်သည်။ ငခွေးက အိမ်ကြီး၏အတွင်းရေးကို သေချာစုံစမ်းထားပြီး သည်တစ်ညတွင် သည်အိမ်ကိုဝင်ပြီးခိုးဖို့ရာ ရောက်လာခြင်းဖြစ်သည်။ အဘိုးကြီးက ဓားပြများကို ညာပြောနေသည်။ ဓားပြများကလည်း ညာနေမှန်းသိပုံရသည်။ အိမ်အပေါ်ထပ်ဆီသို့ တိတ်တဆိတ်ကပ်သွားပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ ဓားပြများက အိမ်ပေါ်၌ သုံးယောက်ရှိသည်။ တစ်ဖန် အိမ်အောက်နှင့်အပြင်ဘက်ဆီသို့ လှေ့လာကြည့်လိုက်သည်။ လူရိပ်လူကင်းမရှိ။ ဓားပြများက စုစုပေါင်းသုံးယောက်တည်းသာရှိကြောင်း ငခွေးသိလိုက်သည်။ အဘိုးကြီး၊ အဘွားကြီးတို့၏ စည်းစိမ်ဉစ္စာများကို ဓားပြလက်ထဲအရောက်မခံလို။ အိမ်ပေါ်ကအခြေအနေကို သေသေချာချာလေ့လာကြည့်လိုက်သည်။

"ကဲ. . . အဘိုးကြီး ခင်ဗျားက မပြောမှတော့ ဟောဒီက အဘွားကြီးကို မေးရမယ်။ ကဲ. . . အဘွားကြီး ပစ္စည်းတွေ ကျုပ်တို့ကို ထုတ်ပေးမှာလား၊ မပေးဘူးလားပြောစမ်း"

ဓားပြတစ်ယောက်က အဘွားကြီးကို ဓားဖြင့်ထောက်ပြီးမေးနေသည်။ ကောင်လေးကိုတော့ လက်နှင့် ခြေထောက်ကို ကြိုးတုပ်ပြီး ပါးစပ်ထဲ အဝတ်ဆို့ထားသည်။ ကြမ်းပြင်ပေါ်၌ တုံးလုံးကလေးလှဲထားသည်။ အဘိုးကြီးနှင့် အဘွားကြီးကို ကြိုးဖြင့်ချည်ရုံသာချည်ထားကြသည်။ အဘွားကြီးကလည်း ခေါင်းခါပြီးငြင်းသည်။ ငခွေးစိတ်ထဲတော့ သိပ်မအေးနိုင်။ တကယ်တမ်း ပစ္စည်းများသာ ဓားပြလက်ထဲရောက်သွားမှဖြင့်ဟူ၍ တွေးပြီး ရင်မောနေမိသည်။ ဓားပြတစ်ယောက်က ဒေါသထွက်သွားပုံရသည်။ ဓားမြှောင်ဖြင့်ထိုးလိုက်မည်ဟု ခြိမ်းခြောက်နေသည်။

"ကြာတယ်ဗျာ ဒီမှာ ခင်ဗျားတို့ ကျုပ် လူမသတ်ချင်ဘူးနော်။ ပစ္စည်းတွေဘယ်မှာလဲ အခုပြောမှာလား၊ မပြောဘူးလား"

ပြောပြောဆိုဆိုပင် ထိုဓားပြက ကြမ်းပြင်ပေါ်တွင် တုံးလုံးကလေးလှဲထားသည့်ကောင်လေးကို ဓားဖြင့်ထောက်ထားလိုက်သည်။ သည်အခါ အဘိုးကြီးက တတွတ်တွတ်တောင်းပန်သည်။ အဘွားကြီးကလည်း တောင်းပန်သည်။

"မသတ်စေချင်ရင် ကျုပ်တို့လိုချင်တာပေးလေ။ ဘယ်မှာလဲပစ္စည်းတွေက"

အဘိုးကြီးနှင့်အဘွားကြီးက ငိုတော့သည်။ ငိုရင်းဖြင့် ဓားပြများကို အသနားခံသည်။ ပါးစပ်ကလည်း တတွတ်တွတ်ပြောနေကြသည်။

"ရှိတော့ရှိပါတယ်လူကလေးတို့ရယ်။ ဒါပေမဲ့ ဒီငွေတွေက မင်းတို့ရှေ့ကကောင်လေးကို ရှင်ပြုရဟန်းခံပေးဖို့ပါကွယ်။ ရှင်ပြုရဟန်းခံဖို့ စုဆောင်းထားကြတာပါ။ အဘိုးတို့၊ အဘွားတို့တောင် မသုံးရက်၊ မစားရက်ခဲ့ပါဘူးလူလေးတို့ရယ်။ ဒါလေးတွေတော့ ချမ်းသာပေးကြပါ အဘွားရှိခိုးပါတယ်"

အဘွားကြီးက ပြောပြောဆိုဆို ဓားပြများကိုဦးကုန်းချနေတော့သည်။

(၂)

"ကိုခွေးရယ် ကျွန်မလေ သားလေးကို ရှင်ပြုပေးချင်လိုက်တာ"

အမှတ်မထင်ကြားလိုက်ရသည့် ဇနီးဖြစ်သူစကားကြောင့် ငခွေး အံ့သြသွားရသည်။ ငခွေး၏စိတ်ထဲ၌လည်း သားလေးဖိုးစိကို ရှင်ပြုပေးချင်နေသည်။ သို့သော် သူတို့ဘဝသည်ကား တစ်နေ့လုပ်မှ တစ်နေ့သာစားရသည့်ဘဝ။ ငွေပိုငွေလျှံမရှိ။ စုဖို့ဆောင်းဖို့နေနေသာသာ တစ်ခါတလေ ငခွေးဖြစ်ဖြစ်၊ ငခွေး၏ဇနီးဖြစ်ဖြစ်၊ သားဖြစ်ဖြစ် နေထိုင်မကောင်းဖြစ်လျှင်တောင် ဆရာဝန်ပင့်ပြီးဆေးမကုနိုင်။ တတ်သလောက်၊ မှတ်သလောက် တိုင်းရင်းဆေးအတိုအထွာလေးများဖြင့်သာ ကုသရင်သန်နေကြရသည်။ သားဖြစ်သူအသက်က ကိုးနှစ်။ သည်အရွယ် ရွာထဲက အခြားကလေးများဆိုလျှင် ကိုယ်စီကိုယ်စီ ရှင်ပြုပေးပြီးကြပြီဖြစ်သည်။ တွေးကြည့်မိတော့ ငခွေးမှာ စိတ်မကောင်းဖြစ်ရသည်။

"ငါလဲ ရှင်ပြုပေးချင်တာပေါ့မိန်းမရယ်။ ကိုယ့်သားလေးပဲ။ ဒါပေမဲ့ တို့မှာက ပိုက်ဆံမှမရှိတာ"

"အို. . . ပိုက်ဆံကတော့ သူ့အလိုလိုဘယ်ရှိလာပါ့မလဲ။ ကိုယ်စွမ်း၊ ဉာဏ်စွမ်းလေးနည်းနည်းပါးပါးထုတ်ပြီး ကြံစမ်းရှာစမ်းပါအုံးလား ကိုခွေးရယ်"

"ငါက ဘယ်လိုကြံရမှာတုံးဟ မိန်းမရ"

"ရှင်ကလဲ ကျွန်မက ဘာပြောရအုံးမှာလဲ ကိုယ့်ဘာသာကိုယ်တွေးပေါ့။ အင်း. . . ကျွန်မသာ ရှင့်လိုယောကျ်ားအရင့်မာကြီးသာဖြစ်နေရင် သိပ်ကောင်းမှာပဲ"

"ငါလဲ ငါ့သားအတွက် ကြိုးစားပြီး အလုပ်လုပ်နေတာပဲဟာ။ တို့ကုသိုလ်ကံကိုက ဆိုးလွန်းပါတယ်ဟာ"

"ဒါဆို ရွာမြောက်ပိုင်းကဆိတ်ထူးကကော ကုသိုလ်ကံကောင်းနေလို့ချမ်းသာနေတာလားပြော"

"အယ်"

ဇနီးဖြစ်သူ၏စကားကြောင့် ငခွေးလန့်သွားသည်။ ဆိတ်ထူးဆိုသည့်လူက သူခိုး။ သူခိုးမှ တကယ့်ကိုသူခိုးကြီးငတက်ပြားအတိုင်းပင်။ ဆိတ်ထူးခိုးသည်ဟုသာ သံသယထင်မြင်ကြရသည်။ လက်ဆုပ်လက်ကိုင်မရှိ။ ပိရိပိုင်နိုင်လှသည့် သူခိုးဖြစ်သည်။ တံငါရှာသလိုလို ဟိုလိုလို သည်လိုလို၊ အလုပ်ဟူ၍ မည်မည်ရရမရှိ။ သားသမီးအများကြီးနှင့် ဆိတ်ထူးတို့မိသားစုမှာ ရွှေတွဲလဲ၊ ငွေတွဲလဲ။ ဇနီးဖြစ်သူပြောချင်သည့်စကားကို ငခွေးသဘောပေါက်သွားသည်။ သို့သော် ငခွေးဘဝ၌ တံငါအလုပ်ဖြင့် အသက်မွေးလာခဲ့သည်။

"ကိုခွေး ကြားလား ကျွန်မပြောတာကို"

"ဟင်"

"မြစ်ကမ်းဘေးက အိမ်အိုကြီးလေ"

"ဟေ"

ငခွေးတစ်ယောက် ဇနီးဖြစ်သူ၏စကားများကို နားထောင်ပြီး အံ့သြတုန်လှုပ်နေသည်။ သတင်းကတိကျနေသည်။ ဇနီးသည်အကြောင်းကို ငခွေးသိသည်။ လိုချင်တာတစ်ခုရှိလျှင်မရရအောင် လုပ်တတ်သည်။ ဇနီးသည်ကို အတန်တန်တားကြည့်သည်။ တားမရသည့်အဆုံး ဇနီးဖြစ်သူလုပ်မည့်တာဝန်ကို ငခွေးတစ်ယောက် တာဝန်ခံကာ ယူလိုက်တော့သည်။

(၃)

"မယူကြပါနဲ့လူကလေးတို့ရယ် အဘွားတို့အသက်အရွယ်တွေနဲ့ ဒီလိုငွေတွေကို အစကနေပြီး ပြန်ရှာဖို့ဆိုတာ မလွယ်ကူတော့ပါဘူးကွယ်။ အဘွား တောင်းပန်ပါတယ်"

အဘွားကြီးက ဓားပြခေါင်းဆောင်ဖြစ်ဟန်ရှိသူကို ခြေသလုံးဖက်ပြီး တောင်းပန်နေသည်။ ဓားပြက လက်ဝတ်တန်ဆာများနှင့်အတူ ထုပ်ပိုးထားသည့် အိတ်ကလေးကိုဖွင့်ပြီးကြည့်နေသည်။ အိမ်၏မီးရောင်အောက်တွင် အားလုံးကို ငခွေးတစ်ယောက် မြင်နေရသည်။ ထိုအချိန်တွင် ဘာလုပ်ရမည်နည်း။ ငခွေးတစ်ယောက် ကိုယ့်ကိုယ်ကိုယ်မေးသည်၊ တွေးသည်။ ဓားပြလက်ထဲ ပိုက်ဆံများပါသည့် ရတနာထုပ်ကို ပါမသွားစေလို။ သည်ပိုက်ဆံများနှင့် ရတနာများကို ငခွေးကလိုချင်နေမိသည်။ သို့သော်လည်း ဓားပြများကို သိက္ခာကင်းမဲ့စွာခြေသလုံးဖက်ပြီး တောင်းပန်နေရှာသည့် အဘွားကြီးနှင့်အဘိုးကြီးကို သနားနေမိသည်။ သည်အချိန်၌ ငခွေး၏နားထဲ ငယ်ငယ်က သိုင်းပညာသင်ပေးခဲ့သည့် သိုင်းဆရာကြီး၏ စကားကိုကြားယောင်မိသည်။

"ကဲ. . . ငါ့တပည့်မောင်ငခွေး အခုလိုသိုင်းပညာကို သင်ယူထားရတာဟာ သူတစ်ပါးကို ဒုက္ခပေးဖို့၊ စော်ကားနှောင့်ယှက်ဖို့မဟုတ်ဘူးဆိုတာ မင်းဘဝတစ်သက်လုံးမြဲမြဲမှတ်ထားရမယ်နော်။ ဒီပညာနဲ့ သူတစ်ပါးက ဘေးရန်ပြုလာတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရမှာဖြစ်သလို အနိုင်ကျင့်အနှိပ်စက်ခံနေရတဲ့သူတွေကို တွေ့ရတဲ့အခါမျိုးကြရင်လဲ ဝင်ရောက်ဖြေရှင်းပေးပြီး ကာကွယ်ပေးရမယ်ဆိုတာ ဘယ်တော့မှ မမေ့လိုက်ပါနဲ့တပည့်ကြီး မောင်ငခွေးရေ"ဟု ဆရာကြီးစကားကို ကြားယောင်မိသည်။ တစ်ပြိုင်တည်းမှာပင် အိမ်ကထွက်မလာမီ အထပ်ထပ်သတိပေးမှာကြားလိုက်သော ဇနီးဖြစ်သူ၏ စကားကိုလည်း ကြားယောင်မိပြန်သည်။

"ဒီတစ်ကြိမ်တည်းပဲ ကျွန်မတောင်းဆိုတာပါ ကိုခွေးရယ်။ အခုကိစ္စက ကိုခွေးအဖို့ သိပ်ပြီးမခက်လောက်ပါဘူးရှင်။ အဲဒီအိမ်ကြီးက ရွာအစွန်မှာဖြစ်နေတာကတစ်ကြောင်း၊ အိမ်မှာရှိကြတာဆိုလို့ အဘိုးကြီး၊ အဘွားကြီးနဲ့ မလောက်လေးမလောက်စားကောင်လေးတစ်ယောက်တည်းပါရှင်။ ကျွန်မပြောသလိုသာ ပိပိရိရိလုပ်ခဲ့ ဘာပြဿနာမှ မတက်ပါဘူးရှင်။ ကျွန်မတို့သားလေးကို အခုနှစ် နွေလရောက်တဲ့အခါ ရှင်ပြုပေးပြီး မောင်ရှင်လောင်းလေးအဖြစ်၊ ကိုရင်ဝတ်လေးအဖြစ်နဲ့ ကျွန်မမြင်ချင်လို့ပါရှင်"

ဇနီးဖြစ်သူ၏စကားကို ပြန်စဉ်းစားရင်း ငခွေး၏စိတ်ထဲ ဆုံးဖြတ်ရခက်နေသည်။ အချိန်မီတစ်ခုခုလုပ်ရန်ပြင်လိုက်သည်။ မထူးတော့ပြီမို့ မထူးဇာတ်ကိုသာခင်းရတော့မည်ဟု တွေးလိုက်သည်။ ဝတ်ထားသည့်ခါးဝတ်ပုဆိုးကို ခပ်ရှည်ရှည်စည်းကာ ခါးတောင်းကို မြှောင်နေအောင်ကျိုက်လိုက်သည်။ ပြီးသည်နှင့် အိမ်ပေါ်သို့ လျင်မြန်စွာပင် တက်သွားလိုက်သည်။

(၄)

အိမ်ပေါ်ရောက်သည်နှင့် ဓားပြများကို အပိုင်ဝင်လုံးသည်။ ဓားပြများအံ့အားသင့်ကုန်ကြသည်။ ငခွေးက သင်ယူတတ်မြောက်ထားသည့် ကိုယ်ခံပညာဖြင့် ဓားပြများကို သူတစ်ပြန်ကိုယ်တစ်ပြန်ချသည်။ အဘိုးကြီးနှင့် အဘွားကြီးက အလိုက်သိစွာပင် ကြမ်းပြင်

စာမျက်နှာ ၂၅ သို့ ➤

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ မတ်လထိ မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ်များ သိသိသာသာလျော့ကျလာ



**နေပြည်တော် ဧပြီ ၂၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ မတ်လထိ သုံးလတာကာလအတွင်း မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ်များ သိသိသာသာလျော့ကျလာခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ သတင်းများအရ သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ချောမွေ့ဖြောင့်တန်းနေသည့် အဝေးပြေးလမ်းမကြီးတစ်ခုဖြစ်သဖြင့် မော်တော်ယာဉ်သွားလာမှု များပြားသည့် လမ်းမကြီးတစ်ခုဖြစ်ကြောင်း၊ မော်တော်ယာဉ်များ၏ ချွတ်ယွင်းမှုများကြောင့် အဆိုပါအမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသဖြင့် သက်ဆိုင်ရာဌာနများက မော်တော်ယာဉ်မတော်တဆမှုများလျော့ကျလာစေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုနှစ် ဇန်နဝါရီလမှ မတ်လထိ သုံးလတာကာလအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် မော်တော်ယာဉ်မတော်တဆမှု ဖြစ်စဉ်များ သိသိသာသာလျော့ကျလာခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လထိ သုံးလတာကာလအတွင်း မော်တော်ယာဉ်မတော်တဆမှု ၁၆၄၂ မှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၁၁၅ ဦးနှင့် သေဆုံးသူ ၈၁၈ ဦးရှိခဲ့သော်လည်း ယခုနှစ်တွင် ဇန်နဝါရီလမှ မတ်လကုန်ထိ သုံးလတာကာလအတွင်း မော်တော်ယာဉ်မတော်တဆမှု ၁၂၆၃ မှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၇၁၁ ဦးနှင့် သေဆုံးသူ ၆၇၄ ဦးသာရှိခဲ့ကြောင်း သိရသည်။ **SKL**

# တပ်ကုန်းမြို့နယ် ဂါတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တပ်ကုန်း ဧပြီ ၂၆**

နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေပဌမအကြိမ် ထုတ်ချေးခြင်းကို ဧပြီ၂၅ ရက် နံနက်ပိုင်းက ဂံလှကျေးရွာအုပ်စု ဂါတ်ကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက ဂါတ်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၁၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂါတ်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၉၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို ပဌမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၄၁၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ရိုင်**

➤ စာမျက်နှာ ၂၄ မှအဆက်

ပေါ်တွင် တုံးလုံးကလေးလဲနေသည့်ကောင်လေးကို အိမ်အခန်းထောင့်သို့ ဆွဲယူထားလိုက်ကြသည်။ အချိန်သိပ်မကြာလိုက်ပေ။ ငခွေး၏လက်ချက်ကြောင့် ဓားပြသုံးယောက် အိမ်ပေါ်မှ ဆင်းပြေးသွားတော့သည်။ ဓားပြများဆင်းပြေးသွားကြသောအခါ ငခွေးတစ်ယောက် စဉ်းစားရပြန်သည်။ ကြမ်းပြင်ပေါ်၌ ပိုက်ဆံများနှင့်ရတနာများပါသည့်အထုပ်ကို ကောက်ကိုင်လိုက်သည်။ အဘိုးကြီးနှင့်အဘွားကြီးက ငခွေးကို ကြောင်တောင်တောင်ကြီး ကြည့်နေကြသည်။ ငခွေးမှန်းမသိကြသည့်ပုံရှိသည်။ အိမ်ပေါ်သို့ မတက်ခင်ကတည်းက ငခွေးက မျက်နှာကို မျက်နှာဖုံးစွပ်လျက်ပြင်ဆင်ထားသည်။ အိမ်အခန်းထောင့်ကနေပြီး တုန်တုန်ယင်ယင်ဖြင့် ကြည့်နေကြသည့် အဘိုးကြီးနှင့်အဘွားကြီးကို သနားသွားသည်။ တစ်လှမ်းချင်း တစ်လှမ်းချင်းလှမ်းသွားလိုက်ပြီး အဘိုးကြီးနှင့်အဘွားကြီးရှေ့တွင် ဒူးထောက်ကာထိုင်ချလိုက်သည်။ မျက်နှာဖုံးကိုချွတ်လိုက်ပြီး အဘိုးကြီးနှင့်အဘွားကြီးကို ရှိခိုးဦးချကာ တောင်းပန်လိုက်သည်။ ငခွေးကသူ သည်အိမ်ကို ရောက်လာရသည့်အကြောင်းရင်းကိုပြောပြလိုက်သည်။ ပြောရင်းပင် ငိုချလိုက်သည်။

(၅)

ယနေ့သည် ရွာသာယာရွာ၌ ရဟန်းခံ၊ ရှင်ပြုပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေကြသည်။ အလှူမဏ္ဍာလာမုခ်ဦး၌ အလှူ့ဒါယကာ ဦးငခွေး၊ အလှူ့ဒါယိကာမ ဒေါ်ခင်မဟူသောစာလုံးများကို ခမ်းနားလှပစွာ ရေးထိုးထားကြသည်။ အလှူရှင်တို့ ပျော်မဆုံးဖြစ်နေကြသည်။ အလှူမဏ်လာမဏ္ဍပ်၏ သံယာစင်ထက်တွင်တော့ ဦးငခွေးနှင့် ဒေါ်ခင်မတို့၏ မွေးစားအဖေအဘိုးကြီး ဘဘအုန်းရီက တရားအကြောင်း၊ ဘုရားအကြောင်းများကို ရွာထဲက လူကြီးသူမများကိုပြောပြနေသည်။ တိုက်ပုံအင်္ကျီနှင့် ခံ့ညားစွာပျော်နေသောဦးငခွေးကို ဇနီးဖြစ်သူ ဒေါ်ခင်မက ပြောသည်။

"ကိုခွေးရေ ရှင့်ရဲ့စိတ်ထားကောင်းမှုကြောင့် အခုလို ကျွန်မတို့ ချမ်းချမ်းသာသာနေထိုင်ကြရတာပါ။ အဲဒီနေ့က ရှင်လဲထွက်သွားကော ကျွန်မကိုယ်ကျွန်မတွေးပြီးမှားမှန်းသိရတယ်။ တကယ်တော့ သူတစ်ပါးရဲ့ ဥစ္စာပစ္စည်းကို မတရားရယူချင်တာက မကောင်းပါဘူးကိုခွေးရယ်။ အဲဒီပစ္စည်းတွေနဲ့ ဒီဘဝချမ်းသာခဲ့ရင်တောင် နောင်ဘဝကျရင် ငရဲမှာ ဝဋ်ကြွေးခံရမှာမဟုတ်လား ကျွန်မမှားခဲ့ပါတယ်ကိုခွေးရယ်"

ဇနီးဖြစ်သူ၏စကားကြားတော့ ဦးငခွေးတစ်ယောက်လည်း စိတ်မကောင်းဖြစ်ရသည်။ ဦငခွေးကလည်း ပြန်ပြောသည်။

"အဲဒါပဲ မိန်းမရဲ့။ အဲဒီအချိန်တုန်းက ငါလဲ ဓားပြတွေ ထွက်ပြေးသွားတော့ ကြမ်းပြင်ပေါ်မှာ ကျန်နေခဲ့တဲ့ပစ္စည်းထုပ်ကို ကောက်ယူလိုက်ပြီး အိမ်ပေါ်က ဆင်းပြေးလာဖို့ စိတ်ကူးမိသေးတယ်။ ပြီးတော့လဲ မိန်းမပြောသလိုပါပဲ အဲဒီပစ္စည်းတွေက ငါတို့ဟာတွေမှမဟုတ်တာ။ သူတစ်ပါးပစ္စည်းကို မတရားရယူပြီးလဲ ငါမချမ်းသာချင်ဘူးဟာ။ အိုကြီးအိုမငိုပြီးတောင်းပန်နေရှာတဲ့အဘိုးကြီးနဲ့ အဘွားကြီးကိုလဲ ငါသနားမိသွားတယ်။ အဲဒါနဲ့ပဲ ပစ္စည်းထုပ်ကို ငါမယူတော့ဘဲ အဘိုးကြီးနဲ့အဘွားကြီးကို ပြန်ပေးပြီး ငါ့အမှားတွေကို ဝန်ချတောင်းပန်လိုက်တယ်"

"အဲဒါ ကောင်းမွန်သွားတဲ့ ရှင့်ရဲ့လုပ်ရပ်ပဲ ကိုခွေးရေ။ အဲဒါကြောင့်ပဲ သူတော်ကောင်းကို နတ်ကောင်းမတာလေ။ အခုဆိုရင် အဘိုးကြီးနဲ့ အဘွားကြီးက ကျွန်မတို့ကို သူ့သားသမီးတွေလို ခေါ်ယူစောင့်ရှောက်ထားကြသလို ကျွန်မတို့ သိပ်ပြီးဖြစ်စေချင်ကြတဲ့ ကျွန်မတို့သားလေးကိုလဲ ရှင်ပြုပေးပြီမဟုတ်လားရှင်"

"ဟုတ်တာပေါ့မိန်းမရာ ငါလဲ ဒီနေ့ကစပြီး သူတစ်ပါးအပေါ် မကောင်းတဲ့စိတ်၊ မကောင်းတဲ့လုပ်ရပ်တွေ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားပြီးပါပြီဟာ"

"အို. . . ကျွန်မလဲ ရှင့်လိုပါပဲ ကိုခွေးရယ်"

အလှူမဏ္ဍပ်ထဲတွင် ရွာသူ၊ ရွာသားများက အလှူကိုဝိုင်းဝန်းပြီး ကူလုပ်နေကြသည်။ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများကလည်း ဆိုကြ၊ တီးကြနှင့် မြိုင်ဆိုင်နေကြသည်။ အလှူမင်္ဂလာအခမ်းအနားကြီးကို ကြည့်ရှုပြီး အလှူရှင် ဦးငခွေးနှင့် ဒေါ်ခင်မတို့သည်လည်း ဝမ်းသာကြည်နူးမဆုံးဖြစ်နေပါတော့သည်။

## သင့်မြတ်စွာနှလုံးသွင်း

- ရေလှိုင်းလေးတွေစီးနေပုံ
ကြည့်လော့စိုက်အာရုံ၊
နိမ့်တုံမြင့်တုံစီးလို့သွား
မြင်တယ်မဟုတ်လား။

- လူ့ဘဝကား ရေလှိုင်းအသွင်
နိမ့်တုံမြင့်တုံပင်၊
မြင့်လို့နေစဉ် မာန်ထောင်ငြား
သိဉာဏ်လွန်ခေါင်းပါး။

- ထောင်လွှားမာနမပြုရာ
မေတ္တာပွားကြပါ၊
နိမ့်ကျသောခါအားငယ်သဖြင့်
စိတ်ဓာတ်မကျနှင့်။

- နိမ့်မြင့်သဘောဆင်ခြင်အတည်
လောကဓံတရားမည်၊
ခံနိုင်ရည်သာရှိစေမယွင်း
သင့်မြတ်စွာနှလုံးသွင်း။ ။

**နတ်မောက်ကြည်မြိုင်**

# ပြည်မြို့နယ်၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းဆောင်ရွက်နိုင်ရန် စစ်ဆေး

**ပြည် ဧပြီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးခြင်းဖြင့် ကျေးလက်စီးပွားရေးမြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး နေချင်စဖွယ်စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မော်ဇာ၊ ထမ္မကောက်၊ ပျဉ်းမအိုင်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဧပြီ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက မော်ဇာကျေးရွာ၊ ထမ္မကောက်ကျေးရွာနှင့် ပျဉ်းမအိုင်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသုံးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းဆောင်ရွက်မည့် ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ပြည်မြို့နယ် မော်ဇာကျေးရွာ၊ ထမ္မကောက်ကျေးရွာနှင့် ပျဉ်းမအိုင်ကျေးရွာတို့၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ စီပံ့ပိုးပေးမည်ဖြစ်ပြီး ကျေးရွာအခြေခံအဆောက်အအုံများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်းလုပ်ငန်းများ၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**

# ကော်မရှင်နာ၏အစီရင်ခံစာကို ကန့်ကွက်ခွင့်ရှိ

စိန်လှိုင်ပိုင်

အမွေပုံစီမံခန့်ခွဲပေးစေလိုမှုများတွင် တရားရုံးသည် ပဏာမဒီကရီချမှတ်ပြီးနောက် အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ တန်ဖိုးကိုသတ်မှတ်ရန်လည်းကောင်း၊ ကော်မရှင်နာအဖွဲ့ကို စုံစမ်းစစ်ဆေးတင်ပြရန် အမိန့်ချမှတ်ပေးသည်။ မြေနှင့်အိမ်တို့၏တန်ဖိုးကို ခန့်မှန်းရာတွင် အဆောက်အအုံကိုသာကြည့်ပြီး ခန့်မှန်း၍မရနိုင်ဘဲ တည်နေရာ၊ ဒေသပတ်ဝန်းကျင်သည် တန်ဖိုးတွက်ချက်ရာ၌ များစွာအရေးပါသည်။ ထိုသို့နှိုင်းယှဉ်မတွက်ချက်ဘဲ ကော်မရှင်နာအဖွဲ့က တရားရုံးသို့ တင်ပြလာလျှင် ပစ္စည်းခွဲဝေလိုမှုတွင် အမှုသည်တို့သည် ကော်မရှင်နာ၏အစီရင်ခံစာကို ကန့်ကွက်ခွင့်ရှိကြောင်းနှင့်စပ်လျဉ်း၍ ထုံးဖွဲ့ခဲ့သော စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကား၍ ဖော်ပြပါမည်။


ပဲခူးတိုင်းတရားရုံး တရားမကြီးမှုအမှတ် (၇/၉၂) တွင် ဒေါက်တာ အေကေဒေး ခေါ် ဦးလှရွှေ ခေါ် ဒေါက်တာဂျော်နီဒေးက တရားလိုပြုလုပ်၍ ဦးဘီဘီဒေး ခေါ် ဦးပါနှင့် ဒေါက်တာခင်အောင်မြင့်တို့အပေါ် အချင်းဖြစ်မြေနှင့်အိမ်တွင် မိမိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော သုံးပုံတစ်ပုံကို ခွဲဝေပေးစေလိုမှုစွဲဆိုခဲ့သည်။ နှစ်ဖက်ရှေ့နေများက တရားပြိုင်များသည် တရားလိုအား သုံးပုံတစ်ပုံခွဲဝေပေးရန် သဘောတူညီပြီးဖြစ်ကြောင်း တင်ပြကြသဖြင့် တိုင်းတရားရုံးက အချင်းဖြစ်မြေနှင့် အိမ်၏ သုံးပုံတစ်ပုံကို တရားလိုရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။

ထို့နောက် တိုင်းတရားရုံးက အချင်းဖြစ်ပစ္စည်းမြေနှင့် အိမ်ကို ပဏာမဒီကရီနှင့်အညီ ခွဲဝေပေးနိုင်ရန်အတွက် ပဲခူးတိုင်းမြေစာရင်းဦးစီးဌာနမှူး၊ ပဲခူးခရိုင်မြေစာရင်းဦးစီးဌာနမှူးနှင့် ပဲခူးမြို့နယ် မြေစာရင်းဦးစီးဌာနမှူးတို့ ပါဝင်သည့်အဖွဲ့ကို တရားမကျင့်ထုံးဥပဒေအမိန့်-၂၆၊ နည်း-၁၃ အရ ကော်မရှင်နာအဖြစ်ခန့်အပ်ခဲ့သည်။ ကော်မရှင်နာအဖွဲ့က အချင်းဖြစ်မြေနှင့်အိမ်ကို တန်ဖိုးစိစစ်ပြီးနောက် မြေတန်ဖိုးငွေကျပ် ၂၅၆၃၀၀၀၊ အဆောက်အအုံတန်ဖိုးငွေကျပ် ၁၀၀၀၀၀ စုစုပေါင်းငွေကျပ် ၂၆၆၃၀၀၀ တန်ကြောင်း အစီရင်ခံစာကို တင်ပြခဲ့သည်။

ကော်မရှင်နာအစီရင်ခံစာကို တရားပြိုင်တို့ဘက်က သဘောတူကြသည်။ တရားလို၏ရှေ့နေကမူ တရားရုံးက မူလကစိစစ်ခဲ့သည့် တန်ဖိုးဖြစ်သော ငွေကျပ် ၄၅ သိန်းကို အနည်းဆုံးသတ်မှတ်သင့်ကြောင်း ကန့်ကွက်တင်ပြခဲ့သော်လည်း တိုင်းတရားရုံးက ကော်မရှင်နာအဖွဲ့၏ အစီရင်ခံစာပါအတိုင်း အချင်းဖြစ်မြေနှင့် အိမ်၏တန်ဖိုးငွေကို ငွေကျပ် ၂၆၆၃၀၀၀ ဖြစ်သည်ဟု သတ်မှတ်ပြီး ပဏာမဒီကရီနှင့်အညီ အဆိုပါတန်ဖိုးပေါ်တွင် အခြေပြု၍ တရားလိုဝေစု သုံးပုံတစ်ပုံ ခွဲဝေရယူစေရန် အပြီးသတ်ဒီကရီချမှတ်ခဲ့ပါသည်။

တိုင်းတရားရုံး၏ အပြီးသတ်ဒီကရီကို မူလရုံးတရားလို ဒေါက်တာအေကေဒေးက မကျေနပ်၍ တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၄ နှင့် အမိန့်-၄၇ တို့အရ ပြန်လည်သုံးသပ်ပေးရန် တရားရုံးချုပ်သို့ တရားမအထွေထွေလျှောက်လွှာ (၁၀/၉၇) တွင် လျှောက်ထားရာ ငြင်းပယ်ခြင်းခံရသည်။ ထို့ကြောင့် ဒေါက်တာအေကေဒေးက တရားရုံးချုပ်၏ ပထမအယူခံမှုအမှတ် (၁၄၆/၉၆) နှင့် အထွေထွေလျှောက်လွှာ (၁၀/၉၇) တို့၏ ဒီကရီနှင့် အမိန့်တို့ကို ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ်(အထူးခုံရုံး)က-

"တရားလို ဒေါက်တာအေကေဒေးဘက်က အပြီးသတ်ဒီကရီမချမီ ၁၉၉၆ ခုနှစ် မတ် ၂၈ ရက်စွဲပါ လျှောက်လွှာဖြင့် ကော်မရှင်နာအဖွဲ့၏ ဥပစာကာလတန်ဖိုးသတ်မှတ်ချက်အစီရင်ခံစာအပေါ် အချိန်မီကန့်ကွက်ခဲ့ပါလျက် မူလရုံးက တရားမကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သောစုံစမ်းစစ်ဆေးမှုမပြုဘဲ ကော်မရှင်နာအဖွဲ့၏ အစီရင်ခံစာသက်သက်အပေါ်သာ အခြေခံ၍ ဥပစာကာလတန်ဖိုးငွေကျပ် ၂၆၆၃၀၀၀ အပေါ် တရားလို၏ဝေစုသုံးပုံတစ်ပုံ ခွဲဝေပေးစေရန် ချမှတ်သည့် အပြီးသတ်ဒီကရီသည် တရားမျှတမှန်ကန်ခြင်းရှိ၊ မရှိဟူသောပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။




**အထူးအယူခံခုံရုံး၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

"အချင်းဖြစ်အိမ်မြေတန်ဖိုးနှင့်စပ်လျဉ်းပြီး ကော်မရှင်နာ၏အစီရင်ခံစာကို လက်ခံသင့်၊ မသင့် အထူးအယူခံခုံရုံး စဉ်းစားခဲ့သည်။ မူလတရားစွဲဆိုစဉ်က အမှုတန်ဖိုးအတွက် အချင်းဖြစ်မြေနှင့်အိမ်ကို ငွေကျပ် ၄၅ သိန်းဟူ၍ သတ်မှတ်တင်ပြခဲ့ခြင်းဖြစ်ပြီး တိုင်းတရားရုံးကလည်း လက်ခံအတည်ပြုခဲ့သည်။ သို့ရာတွင် တရားလိုနှင့် တရားပြိုင်များ၏ အကျိုးဆောင်များကိုယ်တိုင်က ပူးတွဲလက်မှတ်ရေးထိုးသည့် လျှောက်လွှာတွင် အချင်းဖြစ်အိမ်နှင့်မြေ၏ ကာလတန်ဖိုးကိုသာ စိစစ်သတ်မှတ်ရန် ရုံးတော်က စစ်ဆေးဆောင်ရွက်ပေးပါမည့်အကြောင်း လျှောက်ထားခဲ့သည်။ မူလရုံးတရားလိုသတ်မှတ်သည့် တန်ဖိုးငွေကျပ် ၄၅ သိန်းနှင့် နှိုင်းယှဉ်ပါက ၎င်းတန်ဖိုးထက် တိုင်း၊ ခရိုင်၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများက အဖွဲ့ဖြင့် စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့သော တန်ဖိုးသည်သာ လက်ခံထိုက်သည့်တန်ဖိုးဖြစ်သည်"ဟု တိုင်းတရားရုံးက သုံးသပ်ယူဆထားသည်ကို အထူးအယူခံခုံရုံးက စိစစ်ခဲ့ပါသည်။

တရားရုံးချုပ်ကလည်း မူလရုံးက ပဏာမငြင်းချက်ဖြေဆိုရာတွင် ရုံးခွန်အလို့ငှာ အဆိုလွှာပါ အမှုတန်ဖိုးငွေကျပ် ၄၅ သိန်းကို သဘောတူလက်ခံခဲ့လင့်ကစား အဆိုပါတန်ဖိုးသတ်မှတ်ချက်မှာ အချင်းဖြစ်ဥပစာ၏ ကာလတန်ဖိုးသတ်မှတ်ချက်အဖြစ် ဆွဲဆန့်၍ ကောက်ယူရန် သက်ဆိုင်မည်မဟုတ်ကြောင်း၊ မတူညီကွဲပြားခြားနားသောအကြောင်းခြင်းရာနှစ်ရပ်အပေါ် မူလရုံး၏ အမိန့်ဆန့်ကျင်ကွဲလွဲသည်ဆိုသော အချက်မှာလည်း မှန်ကန်မည်မဟုတ်ကြောင်း သုံးသပ်ခဲ့သည်။

တရားလို၏ရှေ့နေနှင့် တရားပြိုင်တို့၏ရှေ့နေက အချင်းဖြစ်အိမ်နှင့်မြေကို တရားပြိုင်များက တရားလိုသို့ သုံးပုံတစ်ပုံခွဲဝေပေးရန်သာ နှစ်ဖက်သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ **အချင်းဖြစ်မြေနှင့် အိမ်၏ကာလတန်ဖိုးကို စိစစ်သတ်မှတ်ရန် တရားရုံးမှ ဆောင်ရွက်ပေးပါဟု လျှောက်ထားခြင်းမှာ ကော်မရှင်နာအဖွဲ့၏ စိစစ်သတ်မှတ်ချက်ကိုလည်းကောင်း၊ တရားရုံး၏ အတည်ပြုချက်ကိုလည်းကောင်း သဘောတူလက်ခံမည်ဟု ဝန်ခံရာမရောက်ကြောင်း၊ သို့ဖြစ်၍ ကော်မရှင်နာအဖွဲ့၏ စိစစ်ချက် သို့မဟုတ် တရားရုံး၏ အတည်ပြုချက်သည် မှုတမှန်ကန်မှုမရှိဟု ထင်မြင်ယူဆပါက လက်မခံကန့်ကွက်ခွင့်ရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မရှင်နာအဖွဲ့၏ အစီရင်ခံစာကို တရားပြိုင်များက သဘောတူကြသော်လည်း တရားလိုက လက်မခံကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း** အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

တိုင်းတရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့်-၂၆၊ နည်း-၁၃ အရ ကော်မရှင်နာခန့်အပ်တာဝန်ပေးရာတွင် ပစ္စည်းခွဲဝေပေးရန် ပဏာမဒီကရီချမှတ်ပြီးသည့်အခါ ၎င်းဒီကရီသတ်မှတ်ပါရှိသည့် ရပိုင်ခွင့်များနှင့်အညီ ပစ္စည်းခွဲဝေပေးရန် ခန့်အပ်ခြင်းခံရသော ကော်မရှင်နာသည် လိုအပ်သည့်အတိုင်း စုံစမ်းစစ်ဆေးပြီးနောက် ကော်မရှင်နာအမိန့်တွင် ညွှန်ကြားပါရှိသည့်အတိုင်း အမှုသည်များကို အစုများခွဲဝေပေးရမည်ဟု နည်း-၁၄ တွင် ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် ကော်မရှင်နာအဖွဲ့သည် နည်း-၁၄ တွင် ဖော်ပြထားသည့်အတိုင်း မဆောင်ရွက်ဘဲ ပစ္စည်း၏ကာလတန်ဖိုးကို စိစစ်ခြင်းမှာ နည်း-၉ အရ ဆောင်ရွက်ခြင်းဖြစ်သည်။ ကော်မရှင်နာသည် လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ကြည့်ရှုစစ်ဆေး၍ ရယူခဲ့သော သက်သေခံချက်ကို စာဖြင့်ရေးသားပြီး တရားရုံးသို့ ပြန်လည်အစီရင်ခံရမည်။ **အမှုသည်တို့သည် ကော်မရှင်နာ၏အစီရင်ခံစာကို ကန့်ကွက်ခွင့်ရှိသည်။ ကော်မရှင်နာ၏အစီရင်ခံစာသည် အမှုတွင် သက်သေခံချက်မျှသာဖြစ်ရာ တရားရုံးအပေါ် မည်သို့မျှ အတည်မဖြစ်ကြောင်း၊ တရားရုံးသည် အစီရင်ခံစာနှင့်ကွဲလွဲ၍ မိမိဘာသာဆုံးဖြတ်ရန် အာဏာအပြည့်အဝရှိကြောင်း** အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

ကော်မရှင်နာအဖွဲ့သည် အချင်းဖြစ်မြေနှင့် အိမ်တန်ဖိုးကို ငွေကျပ် ၂၆၆၃၀၀၀ သတ်မှတ်ရာ၌ မည်သည့်အချက်အပေါ် အခြေခံသတ်မှတ်ကြောင်း ဖော်ပြထားခြင်းမရှိသလို အနီးနားရှိ အိမ်မြေတို့နှင့် တူညီသည့် ဥပစာတန်ဖိုးများကို နှိုင်းယှဉ်တွက်ချက်ထားခြင်းလည်းမပြုကြောင်း၊ မြေနှင့်အိမ်တို့၏တန်ဖိုးကို ခန့်မှန်းရာတွင် အဆောက်အအုံသာကြည့်ပြီး ခန့်မှန်း၍မရကြောင်း၊ ဤနေရာဒေသပတ်ဝန်းကျင်သည် တန်ဖိုးတွက်ချက်ရာ၌ များစွာအရေးပါကြောင်း၊ သို့ဖြစ်၍ အနီးနားရှိ အလားတူ ဥပစာများနှင့် နှိုင်းယှဉ်တွက်ချက်မှသာလျှင် အနီးစပ်ဆုံးတန်ဖိုးကို ရနိုင်မည်ဖြစ်ကြောင်း၊ **ထို့ကြောင့် ကော်မရှင်နာအဖွဲ့၏ သတ်မှတ်ချက်သည် လျော်ကန်သင့်မြတ်သည်ဟု မဆိုနိုင်ရာ ကော်မရှင်နာအဖွဲ့၏ တန်ဖိုးစိစစ်ချက်ကို တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က အတည်ပြုခဲ့ခြင်းသည် မှန်ကန်သည်ဟုဆိုနိုင်မည်မဟုတ်ကြောင်း** အထူးအယူခံခုံရုံးက အလေးအနက်ထား၍ စိစစ်သုံးသပ်ခဲ့သည်။

ယခုအမှုတွင် အချင်းဖြစ်ပစ္စည်းကို ရောင်းချပြီး ခွဲဝေပေးရန် မည်သူကမျှ လျှောက်ထားခြင်းမရှိဘဲနှင့် ပစ္စည်းတန်ဖိုးစုံစမ်းပေးရန် လျှောက်ထားခြင်းကို တရားရုံးက ခွင့်ပြုခဲ့သည့်အမိန့်သည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိသကဲ့သို့ ထိုတန်ဖိုးအပေါ် တရားလို၏ဝေစု သုံးပုံတစ်ပုံကို ခွဲဝေပေးစေရန် ချမှတ်သည့် တရားရုံး၏အပြီးသတ် ဒီကရီသည်လည်း မှန်ကန်ခြင်းမရှိကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ပြီးနောက် ကြားနာလျက်ရှိသောပြဿနာနှင့်စပ်လျဉ်း၍ -

"တရားလို ဒေါက်တာ အေကေဒေးဘက်က အပြီးသတ်ဒီကရီမချမီ ၁၉၉၆ ခုနှစ် မတ် ၂၈ ရက်စွဲပါ လျှောက်လွှာဖြင့် ကော်မရှင်နာအဖွဲ့၏ ဥပစာကာလတန်ဖိုးသတ်မှတ်ချက် အစီရင်ခံစာအပေါ် အချိန်မီကန့်ကွက်ခဲ့ပါလျက် မူလရုံးက တရားမကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သောစုံစမ်းစစ်ဆေးမှုမပြုဘဲ ကော်မရှင်နာအဖွဲ့၏ အစီရင်ခံစာသက်သက်အပေါ်သာ အခြေခံ၍ ဥပစာကာလတန်ဖိုးငွေကျပ် ၂၆၆၃၀၀၀ အပေါ် တရားလို၏ဝေစု သုံးပုံတစ်ပုံခွဲဝေပေးစေရန် ချမှတ်သည့် အပြီးသတ်ဒီကရီသည် တရားမျှတမှန်ကန်ခြင်းမရှိကြောင်း" ဖြေဆိုခဲ့သည်။

အယူခံတရားပြိုင်တို့ဘက်က ဤအထူးအယူခံမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေသဖြင့် ပလပ်ထိုက်ကြောင်း တင်ပြခဲ့သော်လည်း အထူးအယူခံခုံရုံးက ကာလစည်းကမ်းသတ်ပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းမရှိသောကြောင့် အယူခံတရားပြိုင်တို့ဘက်က တင်ပြသည့် ကာလစည်းကမ်းသတ်ပြဿနာမှာ ဤအထူးအယူခံမှုတွင် အဆုံးအဖြတ်ပေးရန် ပြဿနာမဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။

ဤအထူးအယူခံမှုကို စရိတ်နှင့်တကွခွင့်ပြုပြီး တရားရုံးချုပ်နှင့် တိုင်းတရားတို့၏ အချင်းဖြစ်မြေနှင့် အိမ်တန်ဖိုးသတ်မှတ်ချက်ကို ပယ်ဖျက်လိုက်ပြီးနောက် တိုင်းတရားရုံးအား ပစ္စည်းခွဲဝေရေးအက်ဥပဒေနှင့် တရားမကျင့်ထုံးဥပဒေနှင့်အညီ အမှုကို ဆက်လက်စစ်ဆေးဆောင်ရွက်ရန် အထူးအယူခံခုံရုံးက ညွှန်ကြားလိုက်သည်။

ဤစီရင်ထုံးက ညွှန်ပြသော ဥပဒေဗဟုသုတမှာ **ကော်မရှင်နာ၏အစီရင်ခံစာသည် တရားမကျင့်ထုံးဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးတွက်ချက်တင်ပြခြင်းမဟုတ်ပါက အမှုသည်တို့သည် ကော်မရှင်နာ၏ အစီရင်ခံစာကို ကန့်ကွက်ခွင့်ရှိကြောင်း၊ တရားရုံးသည် အစီရင်ခံစာနှင့်ကွဲလွဲ၍ မိမိဘာသာဆုံးဖြတ်ရန် အာဏာအပြည့်အဝရှိကြောင်း** ဒေါက်တာ အေကေဒေး ခေါ် ဦးလှရွှေ ခေါ် ဒေါက်တာ ဂျော်နီဒေးနှင့် မစ္စဒီပါလီဒေး ပါ ၄ ၁၉၉၉ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၁၁ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# တရုတ်နိုင်ငံသို့ ကုန်စိမ်းပစ္စည်းများတင်ပို့ရာတွင် မြန်ဆန်ရန်နှင့် ရေထွက်ပစ္စည်းများ တိုက်ရိုက်တင်ပို့နိုင်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်



**ရန်ကုန် ဧပြီ ၂၆**

မြန်မာ- တရုတ် နှစ်နိုင်ငံကြား ကုန်စိမ်းပစ္စည်းများ တင်ပို့ရာတွင် မြန်ဆန်စေရန်နှင့် ရေထွက်ပစ္စည်းများ တိုက်ရိုက်တင်ပို့နိုင်ရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(UMFCCI) ဗဟိုအလုပ်အမှုဆောင် ဦးတင်ဝင်းက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ပုပ်သိုးလွယ်သည့် ကုန်စိမ်းပစ္စည်းများကို အလျင်အမြန်တင်ပို့နိုင်ရေးနှင့် ရေထွက်ပစ္စည်းများ တိုက်ရိုက်တင်ပို့နိုင်ရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် အကြိုလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ-တရုတ် နှစ်နိုင်ငံကြားမှာ ပိုမိုအကျိုးရှိပြီး လက်တွေ့ကျတဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်ဖို့အတွက် ဆွေးနွေးမှုတွေ လုပ်ဆောင်နေပါတယ်။ ဒါပြင် လယ်ယာကဏ္ဍ သတင်းအချက်အလက်တွေနဲ့ နည်းပညာဖလှယ်တာတွေအပါအဝင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေ အဆင့်မြှင့်တင်တာကိုလဲ မြှင့်တင်ဆောင်ရွက်ဖို့ရှိပါတယ်။ အလားတူ မြန်မာနိုင်ငံမှာ ပိုးမွှားကင်းစင်သန့်ရှင်းရေးဆိုင်ရာ အရည်အသွေးထိန်းချုပ်မှုမြှင့်တင်ရေးပူးပေါင်းဆောင်ရွက်မှုကိုလဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးတင်ဝင်းက ပြောပြသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား နယ်စပ်ကုန်သွယ်ရေးဖြင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲအပါအဝင် လယ်ယာထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းနှင့် အခြားစားသောက်ကုန်ပစ္စည်းများကို တင်ပို့နေပြီး တရုတ်နိုင်ငံဘက်မှ ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ အသင့်စား စားသောက်ကုန်နှင့်ဆေးဝါးများ ပြန်လည်တင်သွင်းလျက်ရှိကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) ဗဟိုအလုပ်အမှုဆောင် ဦးတင်ဝင်းက ပြောပြ၍ သိရသည်။ **ASH**

# ဘားအံမြို့နယ်၌ စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲ ကျင်းပ

**ဘားအံ ဧပြီ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)၊ ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးထင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ယခုဘဏ္ဍာနှစ်တွင် ဘားအံမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)၊ ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်၍ စီမံကိန်းကျေးရွာများရွေးချယ်ပွဲကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် အမှန်တကယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ကျေးရွာများကို ဦးစားပေးအလိုက် သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ ရွေးချယ်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးထင်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာ ငါးရွာ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) တစ်ရွာ၊ ခေတ်မီစံပြကျေးရွာ (Smart Village)ထူထောင်ရေးစီမံကိန်းနှစ်ရွာ စုစုပေါင်းကျေးရွာ ရှစ်ရွာကို သတ်မှတ်ထားသည့် ကျေးရွာရွေးချယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၄-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၇၅ | ၂၁၉၀ | ၂၀၈၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၃၀ | ၂၁၃၀ | ၂၃၆၀ | ၂၈၀၀ |
| 95 Ron | ၂၁၀၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၆၀ | ၂၁၅၀ | ၂၁၆၅ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၃၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၃၀၀ | ၃၀၀၀ |
| HSD (50 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၁၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၁၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၈ | ၂၀၁၀ |
| 95 Ron | ၂၀၀၂ | ၂၀၇၆ |
| HSD (500 ppm) | ၁၈၈၁ | ၁၉၄၈ |
| HSD (50 ppm) | ၁၉၅၅ | ၂၀၂၃ |
| HSD (10 ppm) | ၁၉၅၅ | ၂၀၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၃၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# တည်ဆောက်သူနှင့် ဖျက်ဆီးသူ

**လင်းသွေးအိမ်(ကျိုက်မရော)**

မြတ်စွာဘုရားရှင်သည် လူနှင့်သတ္တဝါများအားလုံး၏ အကျိုးစီးပွားအတွက် ကယ်တင်ရှင်ဖြစ်သလို တည်ဆောက်ပေးသူလည်းဖြစ်သည်။ မာရ်နတ်သည် လူနှင့်သတ္တဝါတို့၏အကျိုးစီးပွားကိုမဆောင်ရွက်၊ သတ္တဝါတို့၏ ကယ်တင်ရှင်လည်းမမည်။ သို့သော် ဘုရားနှင့်တကွ အလုံးစုံသောသတ္တဝါတို့၏ အကျိုးစီးပွားကိုကား ဖျက်ဆီးတတ်သောသူဖြစ်လေသည်။

တည်ဆောက်သူအတွက် လိုအပ်ချက်များစွာရှိသည်။ နည်းပညာပိုင်း၊ လုံလောက်သောငွေကြေးပမာဏ (ဘတ်ဂျက်)၊ ကျွမ်းကျင်သောပညာရှင်နှင့် လူသားအရင်းအမြစ်တို့ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွက် ခေတ်မီ၍ ကျယ်ဝန်းသောလမ်းမကြီးများ၊ ခိုင်ခံ့သေသပ်သောအဆင့်မီမြစ်ကူးတံတားကြီးများ၊ နိုင်ငံတကာအဆင့်မီဟိုတယ်၊ မိုတယ်များ၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဆက်သွယ်ရေးကွန်ရက်အတွက် တာဝါတိုင်ကြီးများ၊ ပညာရေးကဏ္ဍအတွက် စာသင်ကျောင်းများ၊ ကလေးသူငယ်များနှင့် ပြည်သူများ စိတ်အပန်းဖြေနိုင်ရန်အတွက် ခေတ်မီလှပသော ပန်းခြံနှင့် ဥယျာဉ်များ အစရှိသည်တို့ကို မဖြစ်မနေ တည်ဆောက်ပေးကြရ၏။ ထိုအင်္ဂါရပ်များသည်ကား ခေတ်မီဖွံ့ဖြိုးတိုးတက်သည်ဆိုသော နိုင်ငံတစ်နိုင်ငံ၏ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတစ်ခုဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်း၌ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများကို အံ့မခန်းမြင်တွေ့ရမည်ဖြစ်ပြီး ကမ္ဘာ့အလယ်ဝင့်ထည်မော်ကြွားနိုင်ကြသည်။ အဝေးပြေးလမ်းမကြီးပေါ်ကို မော်တော်ယာဉ်ကြီးငယ်များစွာ ဖြတ်သန်းသွားလာနေကြသည်။ ထိုအဝေးပြေးလမ်းမကြီးတစ်လမ်းဖြစ်ပေါ်လာရန် အရင်းအနှီးများစွာ အသုံးချရသည်။ ထိုလမ်းမကြီးဖောက်လုပ်ရန် လမ်း၊ တံတားနှင့်သက်ဆိုင်သော ပညာရှင်အရင်းအမြစ်များစွာ လိုအပ်သည်နှင့်အညီ အထောက်အကူပြုစက်ယန္တရားကြီးများလည်းလိုအပ်သည်။ ဆက်သွယ်ရေးလမ်းကြောင်းပေါ်မှ မြစ်ချောင်းကြီးငယ် အသွယ်သွယ်ကိုဖြတ်ကျော်ရန် တံတားငယ်လေးများလည်း လိုအပ်ပြန်သည်။ လမ်းနှင့် တံတားသည် ဂေဟစနစ်ဖြစ်သည်။

နိုင်ငံတော်က ကုန်ကျမှုများစွာရင်းနှီး၍ အဝေးပြေးလမ်းမကြီးတစ်ခုကို မဖြစ်မနေဖော်ဆောင်ပေးရခြင်းသည် တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ ပြည်သူများအတွက် ကုန်စည်စီးဆင်းမှုအပြင် လူမှုဆက်ဆံရေးလမ်းကြောင်းကောင်းမွန်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ အဝေးပြေးလမ်းမကြီး ဘေးတစ်ဖက်တစ်ချက်တွင် မြင်တွေ့ရသော ဆက်သွယ်ရေးတာဝါတိုင်ကြီးများ၊ လျှပ်စစ်မီးအတွက် သွယ်တန်းစိုက်ထူထားသော လျှပ်စစ်ဓာတ်အားလိုင်းများသည်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုနှင့်တစ်ခုကြား မရှိမဖြစ်လိုအပ်သော အဓိကပင်မဆက်သွယ်ရေးမဏ္ဍိုင်ကြီးများဖြစ်သည်။ အဆိုပါမဏ္ဍိုင်ကြီးများ ရပ်ဆိုင်းပြတ်တောက်သွားခဲ့လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုနှင့်တစ်ခုအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးဆက်သွယ်မှုမှန်သမျှကို ထိခိုက်စေသည်။

လူမှုစီးပွားနှင့် လူသားအရင်းအမြစ်ကောင်းမွန်တိုးတက်ခြင်း၏ အခြေခံအကြောင်းတရားများ၌ အဓိကကျသည်မှာ ကျန်းမာရေးအခန်းကဏ္ဍပင်ဖြစ်သည်။ ကျန်းမာရေးကဏ္ဍအတွက် ခေတ်မီဆေးရုံကြီးများ တတ်ကျွမ်းနားလည်သော ဆရာဝန်၊ ဆရာမ ကုသမှုပိုင်းဆိုင်ရာ အထောက်အကူပြု ခေတ်မီစမ်းသပ်ကိရိယာများ၊ အစွမ်းထက်၍ အာနိသင်ပြည့်ဝသော ဆေးဝါးများ၊ လူနာများအတွက် ခုတင်၊ မွေ့ရာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးများအပါအဝင် လူနာသက်သောင့်သက်သာဖြစ်စေရန်အတွက် လူနာခန်းသုံး ပရိဘောဂများ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားနပ်ရိက္ခာ အပြည့်အဝထားရှိရေးတို့သည်လည်း အဓိကလိုအပ်ချက်ဖြစ်သည်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရသည်။

လက်ရှိ မြန်မာနိုင်ငံအတွက် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများ၌ အမြဲတမ်းလိုအပ်နေသော ကျန်းမာရေးဝန်ထမ်းများလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဆရာဝန်၊ ဆရာမလိုအပ်ချက်များသည်လည်း ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုအတွက် အထူးလိုအပ်သည်ဖြစ်၍ ဆေးပညာပိုင်းဆိုင်ရာ ပညာရှင်များကို မွေးထုတ်ပေးရခြင်းသည်လည်း နိုင်ငံတော်တည်ဆောက်ရေး၏အခန်းကဏ္ဍတစ်ခုပင်ဖြစ်လေသည်။ ထိုအရင်းအမြစ်များကို ဖျက်လိုဖျက်ဆီးလုပ်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းများသည်လည်း နိုင်ငံတော်၏အကျိုးစီးပွားကို ဖျက်ဆီးခြင်းသာမက ပြည်သူ၏ အကျိုးစီးပွားကိုလည်း ပျက်စီးစေရန် ဖျက်ဆီးသူမည်သည်။

တည်ဆောက်သူအတွက် လူသားအရင်းအမြစ်နှင့် ပညာရှင်အရင်းအမြစ်များလိုအပ်သည်။ လိုအပ်သည်နှင့်အညီ ပညာတတ်များ၊ ပညာရှင်များပေါ်ထွက်လာစေရန် ပြည်တွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဘွဲ့ဒီဂရီရသည်ထိ နိုင်ငံတော်၏ ပညာရေးဘတ်ဂျက်များကိုသုံးစွဲ၍ မွေးထုတ်ပေးကြရသလို နိုင်ငံတကာအဆင့်မီ နည်းပညာများရရှိစေရန် နိုင်ငံခြားသို့ ပညာတော်သင်စေလွှတ်ကာ နည်းပညာပိုင်းဆိုင်ရာတို့ကို သင်ယူစေခဲ့သည်။

နည်းပညာနှင့် ပညာတတ်အရင်းအမြစ်မရှိဘဲ နိုင်ငံတစ်နိုင်ငံ၏ ရုပ်ပိုင်းဆိုင်ရာကိုဖွံ့ဖြိုးတိုးတက်ခြင်းငှာ မစွမ်းသာပါ။ ထွက်ကုန်သယံဇာတအရင်းအမြစ်မည်မျှပင်ပေါကြွယ်ဝလင့်ကစား ပညာတတ်လူသားအရင်းအမြစ်မရှိဘဲ ထိုသယံဇာတများကို ကုန်ကြမ်းအဆင့်မှ ကုန်ချောအဆင့်သို့ ရောက်ရှိလာအောင် လုပ်ဆောင်နိုင်စွမ်းရှိလာမည်မဟုတ်ပါ။

လူသားအရင်းအမြစ်ကောင်းရန်အတွက် ပညာရေးသည် အခြေခံကျသောအကြောင်းအချက်ဖြစ်သည်။ ပညာတတ်ပေါများသော နိုင်ငံတစ်နိုင်ငံအတွက် လူသားအရင်းအမြစ်ရှင်သန်ဖွံ့ဖြိုးသကဲ့သို့ စက်မှုလက်မှုစွမ်းအားနှင့်နည်းပညာပိုင်းဆိုင်ရာများ ကောင်းမွန်သည်နှင့်အညီ နိုင်ငံတော်၏စီးပွားရေးမောင်းနှင်မှုအားကောင်းလာမည်ဖြစ်သည်။ စီးပွားရေးမောင်းနှင်မှုအားကောင်းမှသာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်လာမည်သာဖြစ်သည်။

ကမ္ဘာပေါ်၌ မဖွံ့ဖြိုးသောနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးပြီးနိုင်ငံ စသည်ဖြင့် အမျိုးအစားကွဲပြားမှုများရှိသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သာ တည်ရှိပါသေးသည်။ သယံဇာတပေါကြွယ်ဝသော်ငြားလည်း ပညာတတ်အရင်းအမြစ်နည်းပါးမှု အခြေခံအကြောင်းတရားကြောင့် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ အရင်းစစ်သော် သူ့ကျွန်ဘဝ နှစ်ပေါင်းတစ်ရာကျော်ကိုဖြတ်သန်းစဉ်ကာလများက ဗြိတိသျှအစိုးရတို့၏ နိမ့်ကျသောပညာရေးလမ်းညွှန်မှုအောက်၌ နှစ်ပေါင်းကြာမြင့်စွာလိုက်ပါစီးမျှောခဲ့ရခြင်းသည် ပညာရေးနိမ့်ပါးမှု၏ အဓိကတရားခံဖြစ်ခဲ့သည်။

ပညာရေးနိမ့်ပါးမှုနှင့်ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းသည် မကောင်းမှုနှင့်ဒုစရိုက်ကို ပြုလုပ်ရန် ဝန်မလေးကြတော့ပါ။ တည်ဆောက်သူမှာ အရင်းအနှီးများသော်လည်း ဖျက်လိုဖျက်ဆီးလုပ်သူများအတွက် မည်သည့်ပညာရှင်၊ မည်သည့်လူသားအရင်းအမြစ်မှ မလိုအပ်ပါ။ ဖျက်ဆီးစရာလက်နက်တစ်ခုလက်ဝယ်ရရှိထားရုံနှင့် အလုံးစုံသောပျက်စီးမှုများကို ပြုလုပ်နိုင်ကြသည်။ တံတားများကိုဖျက်ဆီးခြင်း၊ လမ်းများကိုဖျက်ဆီးခြင်း၊ စာသင်ကျောင်းများ၊ ရုံးအဆောက်အအုံများ၊ ပညာရေးဌာနအဆောက်အအုံများ၊ ဆက်သွယ်ရေးဆိုင်ရာ တာဝါတိုင်များအပါအဝင်အဆောက်အအုံများ၊ ကားလမ်းများ၊ ရထားလမ်းများ အစရှိသည်များကို နည်းမျိုးစုံသုံး၍ ဖျက်ဆီးပစ်တတ်ကြသည်။

နိုင်ငံတော်တည်ဆောက်ရေး မောင်းနှင်အားကို ရိုက်ချိုးဖျက်ဆီးပစ်တတ်ကြသည့်သူတို့၌ ပညာရှင်အရင်းအမြစ်မလို၊ ငွေကြေးအရင်းအနှီးမလို၊ နိုင်ငံခြားပညာရှင်ငှားရမ်းစရာမလို၊ သယံဇာတအရင်းအမြစ်မလို၊ ကြံရာနှင့်ကြုံသလို ဖျက်ဆီးတတ်ကြသောကြောင့် အဖျက်စွမ်းအားကြီးမားစွာနှင့် ဖျက်လိုဖျက်ဆီးလုပ်ကိုင်နေကြခြင်းသာဖြစ်ပါသောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တကွ နိုင်ငံတော်၏ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်ယှက်နေကြခြင်းသာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**❖ ပညာရေးနိမ့်ပါးမှုနှင့်ဆင်ခြင်တုံတရားကင်းမဲ့ခြင်းသည် မကောင်းမှုနှင့်ဒုစရိုက်ကိုပြုလုပ်ရန် ဝန်မလေးကြတော့ပါ။ တည်ဆောက်သူမှာ အရင်းအနှီးများသော်လည်း ဖျက်လိုဖျက်ဆီးလုပ်သူများအတွက် မည်သည့်ပညာရှင်၊ မည်သည့်လူသားအရင်းအမြစ်မှ မလိုအပ်ပါ။ ဖျက်ဆီးစရာလက်နက်တစ်ခုလက်ဝယ်ရရှိထားရုံနှင့် အလုံးစုံသောပျက်စီးမှုများကို ပြုလုပ်နိုင်ကြသည်။ တံတားများကို ဖျက်ဆီးခြင်း၊ လမ်းများကို ဖျက်ဆီးခြင်း၊ စာသင်ကျောင်းများ၊ ရုံးအဆောက်အအုံများ၊ ပညာရေးဌာနအဆောက်အအုံများ၊ ဆက်သွယ်ရေးဆိုင်ရာ တာဝါတိုင်များအပါအဝင် အဆောက်အအုံများ၊ ကားလမ်းများ၊ ရထားလမ်းများ အစရှိသည်များကို နည်းမျိုးစုံသုံး၍ ဖျက်ဆီးပစ်တတ်ကြသည်။ ❖**

# ကျိုက်လတ်မြို့နယ်တွင် စိန်တလုံးသရက်သီး ၁၀ လုံး တစ်ဖာလျှင် ငွေကျပ် ၇၀၀၀ ထိ ရရှိနေ

**ကျိုက်လတ် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် စိန်တလုံးသရက်သီး ၁၀ လုံး တစ်ဖာလျှင် ငွေကျပ် ၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ် သစ်သီးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် မတ်လနှင့် ဧပြီလသည် စိန်တလုံးသရက်သီးများ ပေါ်နေသည့်အချိန်ဖြစ်ပြီး ပြီးခဲ့သည့် မတ်လက စိန်တလုံးသရက်သီး ၁၀ လုံး တစ်ဖာလျှင် ငွေကျပ် ၄၃၀၀ ထိသာ ဈေးရှိခဲ့ပြီး ဧပြီလဒုတိယပတ်မှ မေ ၂၅ ရက်ထိ စိန်တလုံးသရက်သီး ၁၀ လုံးတစ်ဖာလျှင် ငွေကျပ် ၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခု ဒေသထွက်စိန်တလုံးသရက်သီး ၁၀ လုံးတစ်ဖာကို ငွေကျပ် ၇၀၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ အခုနှစ် စိန်တလုံးသရက်သီးက ပြည်ပဈေးကွက်ရှိလာတာနဲ့ ပြည်တွင်းသရက်အထွက်နည်းနေတာကြောင့် ဈေးကောင်းရနေတာပါ။ ဝယ်ယူမှုလဲ တအားကောင်းနေတယ်။ ဒါကြောင့် တချို့ကုန်သည်ဆို စိန်တလုံးသရက်ကို ခြံဖြတ်စနစ်နဲ့ ဝယ်ယူသူတွေလဲ ရှိလာပါတယ်။ ကျိုက်လတ်မြို့နယ်ဘက်မှာတော့ စိန်တလုံးသရက်သီးတွေကို အများဆုံး စိုက်ကြပေမဲ့ အခြားသရက်အမျိုးအစားတွေလဲ စိုက်ပျိုးကြပါတယ်"ဟု ဒေါ်အိအိထွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် စိန်တလုံးသရက်သီးများကို သရက်စိုက်ပျိုးရေးတောင်သူများထံမှ သစ်သီးပွဲရုံလုပ်ငန်းရှင်များ၊ သရက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူကာ ရန်ကုန်မြို့သို့တင်ပို့ရောင်းချနေပြီး ရန်ကုန်မြို့မှတစ်ဆင့် စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။



**ကျော်ကျော်လင်း**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၂၃** ရက်နေ့မှစတင်၍ **၂၄-၆-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။





## ဝန်ထမ်းအလိုရှိသည်

**(1) Sales & Marketing** ကျား (၁)ဦး
အသက် ၂၀-၃၅၊ Sales & Marketing လုပ်ငန်းအတွေ့အကြုံ (၂)နှစ်၊ စက်ဆီချောဆီလုပ်ငန်းနားလည်သူ ဦးစားပေးမည်။ နယ်အရောင်းထွက်နိုင်သူဖြစ်ရမည်။
**(2) Admin Office Staff** မ (၁)ဦး
အသက် ၂၀-၄၅၊ ငွေကိုင်လုပ်ငန်းအတွေ့အကြုံနှင့် LCCI LEVEL- 2 အောင်မြင်သူ ဦးစားပေးမည်။
**(3) Driver** ကျား (၁)ဦး
အသက် ၂၀-၃၅၊ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်၊ (င)လိုင်စင်ရှိသူ ဦးစားပေးမည်။

**Kaung Naing Kyaw Trading Co.,Ltd**
**စက်မှုပန်းခြံလမ်း၊ ယာတော်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၂၀၂၇၇၇၁၁၊ ၀၉-၄၂၀၂၇၇၇၂၂၊ ၀၉-၄၂၀၂၇၇၇၃၃**

## ဝန်ထမ်းအလိုရှိသည်

**(1) အထွေထွေ (ကျား) 2 ဦး**
**(2) မော်တာစက်ချုပ်ကျွမ်းကျင် 2 ဦး**
**09-897642188**

## အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်နေ ဦးသန့်ဇင်ထွေး ၏သား မောင်တိမ်းထက်နိုင် (၉/ပကခ(နိုင်)၀၆၁၀၀၀) ၏ အမည်မှန်မှာ မောင်စိုင်းဝဏ္ဏထူး (၉/ပကခ(နိုင်)၀၆၁၀၀၀) ဖြစ်ပါကြောင်း။
**မောင်စိုင်းဝဏ္ဏထူး(၉/ပကခ(နိုင်)၀၆၁၀၀၀)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကွက်သစ်နယ်မြေ (၅-ခ) မှန်တန်းရပ်ကွက်နေ ဦးတင်ထွန်း ၏ သမီး မသွယ်သွယ်ထွန်း ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၄-၁၉၉၉ ဖြစ်ပါကြောင်း။
**မသွယ်သွယ်ထွန်း (၃၀-၄-၁၉၉၉)**

### ပျောက်ဆုံးကြောင်း
ပုသိမ်ကြီးမြို့နယ်နေ မြတ်မြတ်ထွေး (ဘ) ဦးကျော်ထွေး(၅/ကသာလ(နိုင်)၂၁၄၇၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၆၄၄၃၃၉၉

### ပျောက်ဆုံးကြောင်း
ကျုံပျော်မြို့နေ ခင်ပြည့်စုံမိုးဟိန်း (ဘ) ဦးထွန်းသိန်း (၁၄/ကပန(နိုင်)၂၉၀၇၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၀၈၆၇၂၂၄

### ပျောက်ဆုံးကြောင်း
အင်းမမြို့နေ သိန်းဇေ (ဘ)ဦးစိုးသိန်း (၁၄/အဂပ(နိုင်)၁၆၉၁၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၀၂၂၇၄၆၇

### ပျောက်ဆုံးကြောင်း
ကျုံပျော်မြို့နယ်နေ မေသန္တာဦး (ဘ) ဦးလှအေး (၁၄/ကပန(နိုင်)၂၀၅၉၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၇၃၄၁၈၇၄၄

### ပျောက်ဆုံးကြောင်း
လေးမျက်နှာမြို့နယ်နေ အောင်စိုးဦး (ဘ)ဦးဝင်းလှိုင် (၁၄/လမန(နိုင်)၀၉၉၈၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၅၈၅၀၃၇

### ပျောက်ဆုံးကြောင်း
လေးမျက်နှာမြို့နယ်နေ မောင်ကျော်ကျော် (ဘ) ဦးခင်မြင့် (၁၄/လမန(နိုင်)၀၉၄၁၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၈၅၈၀၄၈၇

### ပျောက်ဆုံးကြောင်း
ကျုံပျော်မြို့နယ်နေ ဇော်မြင့်ထွေး (ဘ) ဦးအုန်းမြင့် (၁၄/ကပန(နိုင်)၁၄၄၁၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၉၈၉၉၄၈၁

### ပျောက်ဆုံးကြောင်း
ကျုံပျော်မြို့နယ်နေ သက်အောင်ဝင်း (ဘ) ဗသိန်းထွေး (၁၄/ကပန(နိုင်)၁၈၁၀၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၁၄၃၇၅၄၂

### ပျောက်ဆုံးကြောင်း
နွားထိုးကြီးမြို့နေ ရှိုင်းအောင်(ဘ) ဦးမာရှိန် (၉/နထက(နိုင်)၁၇၂၆၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း
နွားထိုးကြီးမြို့နေ ညီညီထွန်း(ဘ) ဦးညို (၉/နထက(နိုင်)၁၇၀၁၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း
တောင်သာမြို့နေ ဆန်းဝင်းကြည် (ဘ) ဦးခင်မောင်ဦး (၉/တသန(နိုင်)၁၇၁၁၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း
လေးမျက်နှာမြို့နယ်နေ ဦးလှမင်းသိန်း (ဘ) ဦးပေါ်ဦး (၁၄/လမန(နိုင်)၀၇၃၈၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၇၅၅၄၇၆၃

### ပျောက်ဆုံးကြောင်း
လပွတ္တာမြို့နယ်နေ ဒေါ်ခင်မီဇင်(ဘ) ဦးဗိုက်တာအဲ (၁၄/ပတလ(နိုင်)၀၅၅၃၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၆၄၃၀၈၄၆

သင့်သွေးဖြင့် အသက်ကယ်ပါ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

သစ်ပင်ခိုက်မှ အရိပ်ရ၏ ၊ ရိပ်ခိုနားနေ အပန်းပြေ၏

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ် စာပေ ဖတ်ကြစို့

ရန်သူမီးဘေး တားဆီးရေး
မနေးဆောင်ရွက်ကြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဒေသတွင်း စားရေးဖူလုံမှုရှိပါက အခြားဒေသမှ ဝယ်ယူစားသုံးရခြင်းမပြုရသည့်အတွက် ဒေသတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်နေမှုများကို မန္တလေးတိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို





နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်နေမှုအခြေအနေများကို နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် ဘဒ္ဒန္တသုဇနပိယ၊ ဘဒ္ဒန္တသာဂရာဘိဝံသတို့ ဦးဆောင်သော မန္တလေးတိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသည့် ဆရာတော်၊သံဃာတော်များ လာရောက်လေ့လာဖူးမြော်ကြည်ညိုကြစဉ်။

**နေပြည်တော် ဧပြီ ၂၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများကို နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်ကြသည့် ဘဒ္ဒန္တသုဇနပိယ၊ ဘဒ္ဒန္တသာဂရာဘိဝံသတို့ ဦးဆောင်သော မန္တလေးတိုင်း ဒေသကြီးမှ ပင့်ဖိတ်ထားသည့် ဆရာတော်၊သံဃာတော်စုစုပေါင်း ၁၅၅ ပါးတို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများကို ရှင်းလင်းဆောင်၌

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

